**ကမ္ဘာမြေကြီး**
**၏**
**နောက်ဆုံးနေ့များ**

**ရှေးယခင်ကဗျာဒိတ်နိမိတ်များ**
**ယခုလက်တွေ့အမှန်ဖြစ်ပေါ်ပေပြီ**

**မိုက်ကယ်ရှိုင်း**

–ငြိမ်းချမ်းသာယာကာကြွယ်ဝပေါများပြီးသြဇာအာဏာသတ္တိခွန်အားဖြင့်ပြည့်ဝသောကမ္ဘာသစ်အစီအစဉ်တစ်ခုအတွင်းသို့ ကျွန်ုပ်တို့ဝင်ရောက်စပြုနေပြီလော။
သို့မဟုတ်ကျွန်ုပ်တို့သည်ယခင်ကတစ်ကြိမ်တစ်ခါမျှမတွေ့ဖူး၊ မကြုံဖူးခဲ့ရသောအရှုပ်အထွေးများ၊ ကစင့်ကလျားဘေးဥပါဒ်များပေါ်တွင် ဒယိမ်းဒယိုင်လျှောက်လမ်းနေကြပါသလား။
သို့မဟုတ်အကောင်းဆုံးနှင့်အဆိုးဆုံးနှစ်မျိုးစလုံးကိုကြုံတွေ့နေရဦးမှာလား။

–"ကမ္ဘာမြေကြီး၏နောက်ဆုံးနေ့ရက်များ"စာစောင်တွင် ထိုမေးခွန်းများအားထိပ်တိုက်ရင်ဆိုင်ဖော်ပြဖြေကြားထားပါသည်။ ရှေးကာလဗျာဒိတ်နိမိတ်များမှာယနေ့မျက်မှောက်အထောက်အထားများနှင့်လိုက်ဖက်ကိုက်ညီမှုရှိလှကြောင်းကိုခိုင်လုံသောသတင်းများမှဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုအထောက်အထားများကြောင့်သာလျှင်ယနေ့ကျွန်ုပ်တို့အသက်ရှင်နေထိုင်သောကာလသည်သမ္မာကျမ်းစာအုပ်ထဲမှပညာရှိပရောဟိတ်များက"နောက်ဆုံးနေ့များ"ဟုဖော်ပြခဲ့သည့်အတိုင်းဤစာစောင်မှတစ်ဆင့်ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

–ဤစာစောင်တွင်ဖော်ပြထားသောပြောဟောချက်နိမိတ်များကိုသတိပြုမိပါကသင်သည်ယနေ့ကာလတွင်ကမ္ဘာလောကကြီး၏အောက်ခြေသိမ်းပြောင်းလဲဖြစ်ပေါ်နေခြင်းအပေါ်အမြင်သစ်ဖြင့်ချဲ့၍ကြည့်ရှုတတ်ပေမည်။၎င်းအပြင်ရုတ်တရက်ဖြစ်ပေါ်လာမည့်ပြောင်းလဲမှုများအတွက်သင့်အားပြင်ဆင်ဆောင်ရွက်တတ်စေရန်အသိပေးလမ်းညွှန်ပြသပေးသောစာစောင်တစ်စောင်ဖြစ်ပါသည်။

# *ကမ္ဘာကြီး၏နောက်ဆုံးနေ့များ*

တတိယထောင်စုနှစ် ကာလပိုင်းသို့ ချဉ်းနင်းဝင်ရောက် လာသည်နှင့် ကျွန်ုပ်တို့ အများစုသည် ကျွန်ုပ်တို့နေထိုင်သော ဤစကြဝဠာဂြိုဟ်ကြီးနှင့်တကွ ကျွန်ုပ်တို့၏ အနာဂတ်ဘဝ အသက်တာသည် မည်သို့ရှိလိမ့်မည်ကို သိရှိနားလည်နိုင်ခြင်း မရှိဘဲ၊ အံ့သြတွေးတော နေခြင်းမှအပ ဘာမျှ မတတ်နိုင်ပါ။ ငြိမ်းချမ်းသာယာကာ ကြွယ်ဝပေါများပြီး ခွန်အားသတ္တိ ပြည့်ဝသော ကမ္ဘာသစ် အတွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်စ ပြုနေပြီလော။ သို့မဟုတ် ကျွန်ုပ်တို့သည် ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မကြုံဘူးခဲ့ရသော အရှုပ်အထွေးများ၊ ကစင့်ကလျားဘေးဥပါဒ်များပေါ်တွင် ဒယိမ်းဒယိုင် လျှောက်လှမ်းနေကြပါ သလား။ သို့မဟုတ် အကောင်းဆုံးနှင့် အဆိုးဆုံး နှစ်မျိုးလုံးကို ကြုံတွေ့နေရဦးမှာလား။

ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်ပေါက်ဖွား လာကြသော အခြင်းအရာများနှင့် ပတ်သက်၍ ရေးသား ဖော်ပြထားသည့် ဤစာစောင်ပါ အကြောင်းအရာများ၏ ထူးခြားထင်ရှား မှတ်သားလောက်သည့် အချက်မှာ ဤအကြောင်းခြင်းရာများကို လွန်ခဲ့သည့် နှစ်ထောင်ပေါင်း များစွာကပင် ရေးသားထားခဲ့ပြီးခြင်း ဖြစ်ပါသည်။ ဤရေးသားချက် များတွင် ပါဝင်သော နှစ်ပေါင်း နှစ်ထောင်မှ သုံးထောင်အထိ ကြာမြင့်ခဲ့ပြီဖြစ်သောတင်ကူးဟောပြောချက်များ၊ နိမိတ်များကိုသေချာစွာစီစစ်သုံးသပ်သွားမည်ဖြစ်ပါသည်။ ထိုဗျာဒိတ်နိမိတ်များသည်ကျွန်ုပ်တို့အသက်ရှင်စဉ်ကာလအတွင်း၌ပင်ဖြစ်ပေါ် ကြုံတွေ့ရပြီးသကဲ့သို့မကြာမီထပ်မံတွေ့ရှိရပေဦးမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ယခုလေ့လာဆင်ခြင်သုံးသပ်သွားမည့်ယနေ့ အချိန်ကာလတွင်ခေတ်မီတိုးတက်မြန်ဆန်လှသောပို့ဆောင်ဆက်သွယ်ရေးစနစ်များ၊ ရှေးအချိန်ယခင်ကမကြုံတွေ့ခဲ့ရသော များပြားကျယ်ပြန့်လာသည့် ကမ္ဘာ့ခရီးသွားလာခြင်းများအပြင် ဘက်ပေါင်းစုံမှမယုံနိုင်လောက်အောင် ထွန်းကားတိုးတက်လာသော အသိပညာများသည် ရှေးနိမိတ်အတိုင်း ဖြစ်ပေါ်လာမှုများသာ ဖြစ်ခြင်းမှာမျက်မြင်သက်သေပင်ဖြစ်ပါတော့သည်။ တိုးတက် အောင်မြင်နေသော နည်းပညာများ ဥပမာ–အီလက်ထရွန်းနစ်စံနစ်ဖြင့်ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းနှင့်မကြာမီကာလအတွင်း အကောင်အထည်ဖော်သွားတော့မည့် ကမ္ဘာ့အနှံ့အသုံးပြုနိုင်သောဝယ်ယူရေးစံနစ်များဆောင်ရွက်သွားမည့်အစီအစဉ်များသည်လည်း တိကျစွာပင်ကြိုတင်ဟောထားခြင်းမှာဆန်းကျယ်လှပေသည်။

ယခင်ကာလကထက်ယခုအခါတွင်ကမ္ဘာမြေကြီး၏အပူရှိန် တိုးမြင့်လာခြင်းကြောင့်ဖြစ်ပေါ်လာသောအကျိုးဆက်များ၊ ခေတ်သစ်လူကိုသေစေတတ်သောအေအိုင်ဒီအက်စ်ရောဂါများ ရုတ်တရက် ဖြစ်ပေါ်ပေါက်လာခြင်းနှင့် ကင်ဆာရောဂါများ ပျံ့နှံ့ဖြစ်ပေါ်နေကြခြင်းများသည်လည်းရှေးယခင်ကနိမိတ်များနှင့် ကိုက်ညီနေပေသည်။

ဤစာစောင်တွင်ပါရှိသောနိမိတ်ပြဟောကိန်းများကို သိမြင်သဘောပေါက်ခြင်းအားဖြင့်ယနေ့အောက်ခြေသိမ်းမှစ၍ရုပ်သွင်ပြောင်းလဲနေသော ကမ္ဘာကြီး၏အမြင်သစ်ကို လက်ခံသွားပြီး မကြာမီရင်ဆိုင်ရတော့မည့်ကြီးမားသောရုတ် တရက်ပြောင်းလဲခြင်းများအတွက် မိမိကိုယ်ကိုကြိုတင်ပြင်ဆင်ထားနိုင်ပေမည်။

## ပုစ္ဆာကြီးတစ်ပုဒ်

ခေတ်ကာလအဆက်ဆက်၌မြောက်များစွာသောဘာသာရေးဆိုင်ရာသွန်သင်ဆုံးမညွှန်ကြားပေးခဲ့သောဆရာသမားများသည်လည်းကောင်း၊ ပညာရှိပရောဟိတ်များသည်လည်းကောင်း အနာဂတ်အချိန်တွင် ဖြစ်ပေါ်လာမည့်အကြောင်းအရာအဖြစ်အပျက်များကိုထူးခြားစွာရှုပါရုံရရှိပြီး ထိုထွင်းသိမြင် ခဲ့ကြပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကယေရုဆလင်မြို့ ယခုဂျေရုစလင်မြို့ (အစ္စရေးနိုင်ငံ)ဟောင်း၏အပြင်ဘက် တောင်ကုန်းပေါ်၌ဟောပြောချက်သည်ယခုတိုင် လေးနက် ပြည့်စုံလှကြောင်းကို လူများအလေးထားသိမြင်ကြပေသည်။

ထိုနေရာ၌လူများကသာမန်သိနေကြသောဘဝပြောင်းလာသူတရားဟောဆရာတစ်ဦးဖြစ်လာသည့်နာဇရတ်မြို့သားယေရှုသည်မှန်မြတ်မှန်ကန်သောတရားဒေသနာများဟောပြောခဲ့ပေသည်။ ယေရှုဟောပြောရာထိုနေရာသို့အမှန်တရားရှာဖွေသည့်လူတစ်စုသည်မိမိတို့၏ "ဆရာ" ထံဝန်းရံရောက်ရှိလာပြီးတရားနာကာသုံးသပ်ဆင်ခြင်ကြလေသည်။ ထိုတပည့်တော်များယေရှုကိုမေးမြန်းခဲ့သောမေးခွန်းအားမဖင့်နွှဲသောယေရှု၏ဖြေကြားချက်များမှာရာစုနှစ်ပေါင်းများစွာကူးပြောင်းသွားပြီးယနေ့ကျွန်ုပ်တို့အသက်ရှင်သည့်ကာလအထိကူးပြောင်းရောက်ရှိလာပေသည်။ ထိုမေးခွန်းပုစ္ဆာမှာအောင်ပါဝမ္မသစ်ကျမ်းစာပါအတိုင်းဖြစ်ပါသည်။

"ထိုနောက်သံလွင်တောင်ပေါ်မှာထိုင်တော်မူစဉ်၊တပည့်တော်တို့သည်အခြားသူမပါဘဲချဉ်းကပ်၍ထိုအမှုအရာတို့သည်အဘယ်ကာလမဖြစ်မည်ကို၎င်း၊ ကိုယ်တော်သည်ကြွလာ၍ ကပ်ကမ္ဘာကုန်သောပုပ္ပနိမိတ်သည်အဘယ်နိမိတ်ဖြစ်မည်ကို၎င်း အမိန့်ရှိတော်မူပါဟုလျှောက်ကြ၏။ (ရှင်မဿဲ ၂၄း၃)

ယေရှု၏တပည့်တော်များကယေရှုအားမေးမြန်းခဲ့သော မေးခွန်းကိုများသောအားဖြင့် "ခရစ်တော်ဒုတိယအကြိမ်ကြွမြန်းလာခြင်း" ဟူ၍ရည်ညွှန်းသဘောပေါက်ကြပေသည်။ ထို "ဒုတိယ အကြိမ်ကြွမြန်း" လာသောကာလ၌ခရစ်တော်သည်လူကိုယ်တိုင်ရုတ်တရက်ပေါ်ထွက်လာပြီးဤကမ္ဘာလောကကြီးတစ်ခုလုံးကို သိမ်းပိုက်ကာမြေကြီးပေါ်၌ဘုရားသခင်၏နိုင်ငံတော်ကိုတည်ဆောက်သွားမည်ဖြစ်ပါသည်။ "ကမ္ဘာလောကကြီးပျက်သုံးပြီး ဆုံးခြင်း" ဟူသောဝေါဟာရအသုံးအနှုန်းသည်ဤနေရာ၌စကြဝဠာဂြိုဟ်ကြီးများ၏နိဂုံးအဆုံးသတ်ခြင်းဟုအဓိပ္ပါယ်မသက်ရောက်စေသင့်ပါ။ သဘောပေါက်သိမြင်ရမည်မှာလောက၌လက်ရှိမတရားညှဉ်းပန်းမှုလူမဆန်အကြင်နာကင်းမဲ့ပြီးစာနာထောက်ထား မှုမရှိသောလွှမ်းမိုးအုပ်ချုပ်ခြင်းများချုပ်ငြိမ်းသွားခြင်းပင်ဖြစ်သည်ဟုသဘောပေါက်ရမည်ဖြစ်ပေသည်။

ယေရှုကတပည့်တော်များ၏မေးမြန်းချက်ပုစ္ဆာကိုအရိပ် အမြွက်တစ်ခုတည်းဖြင့် "နောက်ဆုံးအချိန်ကာလ" ၏နီးကပ်နေခြင်းကိုဖော်ညွှန်းခြင်းမဟုတ်ဘဲမြောက်များစွာသောရှင်းလင်းတိကျသည့်အညွှန်းဥပမာပုံဆောင်ခြင်းများဖြင့်တပည့်တော်များအစဉ်သတိဖြင့်ပြင်ဆင်နေထိုင်သွားရန်မြွက်ကြားခဲ့ပါသည်။ မြောက်များစွာသောအခြားကျမ်းပြုပုဂ္ဂိုလ်များ၏ထူးဆန်းအံ့သြဖွယ်ကြိုတင်ဟောပြောချက်များသည်လည်းခရစ်တော်၏ "နောက်ဆုံးအချိန်ကာလ" နှင့်ပတ်သက်သောအဆိုအမိန့်ကိုပြည့်ဝမှန်ကန်စေပါသည်။ ဤကြိုတင်ဟောကြားခဲ့သော "နိမိတ်လက္ခဏာ" များကိုပင်ကျွန်တော်တို့ယခုအလေးထားအာရုံစိုက်ကာသုံးသပ် သွားပေမည်။

## ပို၍ လေးနက်ကောင်းမွန်သော ဖြေဆိုချက်များ

ယေရှုပြောနေသည်မှာ "သင်တို့စစ်တိုက်ခြင်းအကြောင်းကိုလည်းကောင်း၊၊စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း၊ ကြားရလိမ့်မည်။ သို့သော်လည်းစိုးရိမ်တုန်လှုပ်ခြင်းမရှိစေခြင်းငှာ သတိပြုကြလော့။ထိုအမှုအရာများသည်ဖြစ်ရမည်။သို့သော်လည်း အဆုံးသည်မဖြစ်သေး။ လူတစ်မျိုးနှင့်တစ်မျိုးတစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။ ထိုအမှုအရာတို့သည်ဒုက္ခဆင်းရဲခြင်း၏အစအဦးသာတည်း။ (မဿဲ ၂၄း၆–၈)

နှစ်ထောင်ပေါင်းမြောက်များစွာပင်လူသားတို့သည်စစ်မက်ဘေးဒဏ်၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ရောဂါဝေဒနာများ၊ ငလျင်ဘေးဒဏ်အစရှိသောသဘာဝဘေးဒုက္ခများကိုကြုံတွေ့လာခဲ့ကြရပါသည်။ သို့သော်ထိုဒုက္ခများသည် ယခုပိုမိုဆိုးဝါးပြီးမကြာခဏထပ်တလဲလဲဖြစ်ကာသိသိသာသာတိုးပွားလာကြောင်းကိုကုန်ဆုံးခဲ့သောနှစ်ကာလာများအတွင်း၌အံ့သြစွာတွေ့မြင်ရပေသည်။ ဤစာစောင်၏ပထမပိုင်းကိုလေ့လာကြပါစို့။

## *စစ်မက်ဖြစ်ပွားနေသောဤကမ္ဘာ*

"သင်တို့သည်စစ်တိုက်ခြင်းအကြောင်းကို၎င်း၊ စစ်တိုက်အံ့သောသတင်းစကားကို၎င်း .... လူတစ်မျိုးနှင့်တစ်မျိုးတစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဘက်ပြုကြလိမ့်မည်။"

ဤကမ္ဘာကြီးသည်စစ်မက်ရေးရာ၏အနိဋ္ဌာရုံများဖြင့်လုံးဝလွတ်ကင်းသောကာလဟူ၍မရှိခဲ့သေးပါ။ သို့သော်သမိုင်းကာလတစ်လျှောက်လုံး၌မည်သည့်အချိန်ကာလကမျှမကြုံဖူး၊မဆုံဖူးခဲ့သေးသောစစ်လက်နက်များထုတ်လုပ်ခြင်းနှင့်စစ်မက်ဖစ်ပွားမှုအရှိန်အဟုန်တိုးမြင့်ပွားများလာခြင်းမျိုးကိုယခု ဆယ်ရာစုနှစ်လောက်ကြုံတွေ့ရခြင်းမရှိခဲ့ပါ။အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း၏ခန့်မှန်းတွက်ချက်မှုအရဤရာစုနှစ်ဦးပိုင်းမှစတင်ခဲ့သောစစ်ပွဲများကြောင့်လူသန်းပေါင်းတစ်ရာကျော်သေဆုံးခဲ့သည်ဟုဖော်ပြထားပါသည်။

၁၉၁၄–ခုနှစ်မတိုင်မီစစ်မက်ဖြစ်ပွားခြင်းများသည်ဒေသတစ်ခုအတွင်းကွက်၍သာဖြစ်ပြီးကမ္ဘာနှင့်အဝန်းကူးစက်ဖြစ်ပွားခြင်းမျိုးမကြုံခဲ့ရပါ။ သို့သော်ပထမနှင့်ဒုတိယကမ္ဘာစစ်များသည်ကမ္ဘာအနှံ့ဖြစ်ပွားကြသောကမ္ဘာ့စစ်အစစ်အမှန်ပင်ဖြစ်ကြတော့သည်။
ကမ္ဘာစစ်နှစ်ခုအနက်ဒုတိယကမ္ဘာစစ်အတွင်း၌နိုင်ငံငယ် ၁၂နိုင်ငံသာလျှင် စစ်ရေးအရသော်လည်းကောင်း၊ အခြား အကြောင်းအရာများအရသော်လည်းကောင်း ကင်းလွတ်ခဲ့ပါ သည်။ စစ်မက်ဖြစ်ပွားသော နှစ်ဦးနှစ်ဖက် နိုင်ငံများတွင် လူပေါင်း၉၃သန်းမှာ စစ်တပ်များတွင် ပါဝင်အမှုထမ်းခဲ့ ကြပါသည်။ ၄င်းပါဝင်အမှုထမ်းသူများအနက်လူပေါင်း၂၅သန်း အသက် ဆုံးရှုံးခဲ့ရပါသည်။ အရပ်သားများ သေဆုံးမှုမှာ မကြုံဖူးခဲ့သော အရေအတွက်ရှိခဲ့ပါသည်။ ဆိုဗီယက်ယူနီယံနိုင်ငံ တစ်နိုင်ငံ တည်းတွင်အရပ်သားပေါင်း သန်း၂၀မှာ စစ်ဘေးဒဏ် ကြောင့်

သေကြေခဲ့ရပါသည်။ ဝါရှင်တန်ပို့စ် သတင်းစာက အောက်ပါအတိုင်း ဝေဖန်ရေးသားခဲ့ပါသည်။

ကျွန်ုပ်တို့၂၀ရာစုစစ်ပွဲများသည်စစ်ပွဲဝင်သူများသာမက အရပ်သားများသည်လည်းလုံးလုံးလျားလျားပါဝင်ကြရသော စစ်ပွဲများပင်ဖြစ်သည်။ ရှေးရာစုနှစ်ပေါင်းများစွာကလူကြမ်းများ၏တိုက်ပွဲများသည်ကျဉ်းမြောင်းသောနေရာများ၌သာတိုက်ခိုက်ကြသည်ကိုနှိုင်းယှဉ်ကြည့်နိုင်ပါသည်။

စစ်ပွဲများကိုအဆုံးသတ်စေသောစစ်ဟုထင်မြင်ယူဆရသောဒုတိယကမ္ဘာစစ်မှစ၍စစ်ပွဲကြီးအကြိမ်၁၅၀တိုက်ခိုက်ခဲ့ခြင်းကြောင့်နှစ်စဉ်သေကြေသူတစ်ထောင်ကျော်ရှိခဲ့သည့်အပြင်စစ်ပွဲငယ်များလက်နက်ကိုင်တော်လှန်ပုန်ကန်မှုနှင့်တော်လှန်ရေးများရာပေါင်းများစွာဖြစ်ပေါ်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍လက်နက်ဖြင့်တိုက်ခိုက်မှုများကြောင့်အသက်ပေါင်း ၂၃၁၄၂၀၀၀သေကြေခဲ့ရပါသည်။

## တံတိုင်းကြီးပြိုကျချိန်မှစ၍

၁၉၈၉–ခုနှစ်နိုဝင်ဘာလတွင်ဘာလင်တံတိုင်းကြီးပြိုကျသွားခြင်းသည်ကမ္ဘာ့ထိပ်သီးနိုင်ငံများ၏စစ်အေးတိုက်ပွဲကိုပြီးဆုံးစေသောလက္ခဏာသာမကတစ်ကမ္ဘာလုံးငြိမ်းချမ်းသည့်အသစ်သောကာလအချိန်ပိုင်းကိုကြိုဆိုခဲ့သည်ဟုယူဆခဲ့ကြပါသည်။ ကုလသမဂ္ဂဒုက္ခသည်များမဟာမင်းကြီးရုံး၏ ၁၉၉၅ခုနှစ်နိုဝင်ဘာလထုတ်ပြန်သောအစီရင်ခံစာတွင်စစ်ပွဲများ၊ ရက်စက်ယုတ်မာမှုများ၊ ညှဉ်းဆဲနှိပ်စက်မှုများကြောင့်ကမ္ဘာအနှံ့တွင်လက်ရှိလူပေါင်းသန်း၅၀မှာယင်းတို့မိသားစုနေအိမ်များမှအတင်းအဓမ္မစွန့်ခွာသွားရသည်ကိုမှတ်တမ်းတင်ထားကြောင်းသိရှိရပါသည်။ ထိုမှတ်တမ်းကပင်အောက်ပါအတိုင်းကြောက်ခမန်းလိလိဆက်လက်ဖော်ပြသည်မှာ စစ်အေးတိုက်ပွဲနိဂုံးချုပ်သွားခြင်းအတွက် နိုင်ငံအသီးသီးရှိဒုက္ခသည်များ၏အခြေအနေမှာ တိုးတက်ကောင်းမွန်လာလိမ့်မည်ဟုများစွာ မျှော်လင့်ထင်မြင်လာရပါသည်။ ကမ္ဘာ့ထိပ်သီးနိုင်ငံများ၏ဖက်ပြိုင်အံတုမှုများ ပြီးဆုံးပြီဖြစ်၍ရင်ဆိုင်တိုက်ခိုက်မှုများစွာကို ဖြေရှင်းနိုင်လိမ့်မည်ဟုထင်မှတ်ကြပါသည်။ ...

သို့သော်သေချာလုနီးပါးဖြစ်နေသည့် အမှန်တရားကားထိုအားတက်ဖွယ်ရာများ၏ ဆန့်ကျင်ဖက်သာလျှင်ဖြစ်ပေပြီ။

သုတေသနနှင့်စည်းရုံးရေးအဖွဲ့တစ်ခုဖြစ်သောအမျိုးသား ကာကွယ်ရေးကောင်စီဖောင်ဒေးရှင်း၏နှစ်စဉ်အစီရင်ခံစာအရ ၁၉၉၅ခုနှစ်၌ စစ်ပွဲ၇၁ခုရှိခဲ့ရာ ထိုအဖွဲ့၏ ၁၉၈၉ခုနှစ်ပထမဆုံးတွက်ချက်မှုအရေအတွက်ထက် ၂–ဆခုန်တက်သွားကြောင်း ဖော်ပြထားပါသည်။ ထိုဖောင်ဒေးရှင်း၏ ညွှန်ကြားရေးမှူးဖြစ် သူအငြိမ်းစားအထူးတပ်ဖွဲ့အရာရှိအင်ဒရူးမက်စင်းကစစ်အေး ကာလနောက်ပိုင်းတွင် နူကလီးယားနှင့်ဓါတုဗေဒလက်နက်များတိုးချဲ့ထုတ်လုပ်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏စစ်ရေး ဖက်ဆိုင်ရာကြီးမားတိုးတက်လာခြင်းနှင့်မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်ခြင်းမှဆက်စပ်သောအကြမ်းဖက်မှုများပျံ့နှံ့ လွှမ်းမိုးလာခြင်းများသည်အဓိကဘေးအန္တရာယ်များပင်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

## လူမျိုးစုရေးရာကြောက်မက်ဖွယ်ပြဿနာ နှင့် မျိုးနွယ်များအားရှင်းလင်းသုတ်သင်ရေး

ဓမ္မသစ်ကျမ်းတွင် ပထမဆုံးဖော်ပြသော နိမိတ်တွင် “တစ်နိုင်ငံနှင့်တစ် နိုင်ငံရန်ဘက်ပြုကြလိမ့်မည်” ဟုဖော်ပြရာ၌ “နိုင်ငံ”ဟူသောစကားသည်ဂရိဝေါဟာရဖြစ်ပြီးဂရိဘာသာဖြင့် အက်နို့(စ)ဟုခေါ်ရာတိကျစွာဘာသာပြန်ဆိုမည်ဆိုပါက“လူမျိုး” သို့မဟုတ်“လူမျိုးစု” ဟုအဓိပ္ပါယ်ရပါသည်။တစ်နည်းအားဖြင့် ဆိုရသော် ယေရှုကလူမျိုးတစ်မျိုးနှင့်တစ်မျိုးရန်ဖက်ပြုကြလိမ့် မည်ဟုဆိုလိုပါသည်။ ပူလစ်တ်ဇာဆုရ–သမိုင်းရေးဆရာကြီးအာသာရှလီစင်းကားက “အကယ်၍ ၂၀–ရာစုနှစ်သည်ဝါဒရေးဆိုင်ရာစစ်မက်ဖြစ်ပွားမှုများဖြင့်ဖြစ်ခဲ့ပါက ၂၁ ရာစုသည် လူမျိုးစု အခြေခံသောစစ်ဖြင့် စတင်ဝင်ရောက်လာနေပြီ” ဟု သတိပေးပြောကြားခဲ့ပါသည်။

အေပီ(AP)သတင်းတစ်ရပ်တွင်ဖော်ပြရာ၌ဤရာစုနှစ် အတွင်းနိုင်ငံများကမိမိနိုင်ငံတွင်းရှိလူများအားကျူးလွန်ခဲ့သော သတ်ဖြတ်မှုများသည်နိုင်ငံများ၏နယ်နိမိတ်ပြင်ပရှိအခြားနိုင်ငံများရှိယင်းတို့၏ရန်ဖက်များအားသတ်ဖြတ်ခြင်းထက်အရေအတွက်ကျော်လွန်သွားကြောင်းဖော်ပြထားပါသည်။ ဆိုဗီယက် ယူနီယံနိုင်ငံမှစတာလင်၏ သုတ်သင်သတ်ဖြတ်မှုများ၊ တရုပ်နိုင်ငံ၏ ယဉ်ကျေးမှုတော်လှန်ရေး၊ ကမ္ဘောဒီးယားနိုင်ငံ၏ လူသတ်တစပြင်(လူသတ်ကွင်း)များ၊ အဓိပ္ပါယ်အနှစ်သာရမရှိ သောဘော့စနီးယားနိုင်ငံ၏ လူမျိုးစုများရှင်းလင်းသန့်စင်ရေးနှင့် ဘအွန်ဒါနိုင်ငံ၏ အနိဋ္ဌာရုံများကို ကိုးကားလျှက်အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့အနာဂတ်ရှေ့ရေးသည် အားတက်ဖွယ်ရာမရှိ စေကာမူ၊ ဤကမ္ဘာလောကကြီးပေါ်၌ ဖြစ်ပေါ်လျှက်ရှိသေအကြမ်းဖက်မှုများ၊ စစ်မက်ဖြစ်ပွားမှုများကို ဘုရားသခင်ကိုယ်တော်တိုင်ဝင်ရောက်ဖြန်ဖြေပေးမည့်နေ့သည် မကြာမီရောက်ရှိလာပါတော့မည်။ သမ္မာကျမ်းစာက ခရစ်တော်ဘုရားဤလောကသို့ ပြန်လည်ကြွရောက်လာသောအခါ “ထာဝရဘုရားသည်လူမျိုးတို့တွင်တရားစီရင်၍ များပြားသော လူတို့ကိုဆုံးမတော်မူသဖြင့် သူတို့ကား၊ လက်နက်များကိုထွန်သွားဖြစ်စေခြင်းငှါ၄င်း၊ လှံများကို တံစဉ်ဖြစ်စေခြင်းငှါ၄င်း၊ ထုလုပ်ကြလိမ့်မည်။ တပြည်ကိုတပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်းနောက်တဖန်မသင်ရကြ။ (ဟေရှာယ– ၂း၄)

ငြိမ်းချမ်းသောကမ္ဘာကြီးအားအုပ်စိုးမည့်အနာဂတ်ကို ရှေ့တွင်ဆက်လက်ဖော်ပြပါမည်။ ယခုမူကားလက်ရှိဘဝအခြေအနေမှန်များသို့ပြန်ကြပါဦးစို့။

## *“မေမေသားသားဆာနေပြီ”*

“အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်းများဖြစ်လိမ့်မည်”

ငတ်မွတ်ခေါင်းပါးခြင်း များပြားလာသောအချိန်ကာလ မှာကျွန်တော်တို့ အသက်ရှင်နေကြတာလား။ ၁၉၉၆–ခုနှစ်စက်တင်ဘာလအတွင်းအစီရင်ခံရာတွင် ကမ္ဘာ့ဘဏ်က–လူသန်းပေါင်း ၈၀၀ သည်နေ့စဉ်ဆာလောင်မွတ်သိပ်လျှက်ရှိနေပြီး၊သန်းပေါင်း၅၀၀သောခလေးများသည်အစာရေစာဝလင်စွာ မစားရကြသဖြင့်စိတ်ရောခန္ဓာကိုယ်ပါဖွံ့ဖြိုးတိုးတက်မှုမရှိ

ကြောင်းကိုဖော်ပြထားပါသည်။ ကမ္ဘာ့ဘဏ်၏ဒုတိယဥက္ကဌ ဖြစ်သူအစ္စမေးစီရာဂျဲလ်ဒင်က "အစာရေစာဝလင်စွာမစားသုံးရခြင်းဖြင့်ဆက်နွယ်နေသောအသက်သေပျောက်သည့်လူပေါင်း ၄၀၀၀၀ ခန့်ရှိပါသည်။ ထိုသေဆုံးရခြင်းများကိုကျေးလက်ဒေသများ၌အများဆုံးတွေ့ရသည်" ဟုထုတ်ဖော်ပြောဆိုခဲ့ပါသည။ဝါရှင်တန်မြို့တော်တွင် လက်ရှိကမ္ဘာ့အခြေအနေအရပ်ရပ်ကိုကြည့်ရှုသုံးသပ်အကဲခတ်နေသောတွေးခေါ်မျှော်မြင်ရေးအဖွဲ့တစ်ခုဖြစ်သော ကမ္ဘာ့စောင့်ကြည့်မှုအဖွဲ့ ၏ဥက္ကဌဖြစ်သူ လက်စ်တာဘရောင်းက "ယနေ့ ကမ္ဘာကြီးသည်အဆင့်မြင့် အတတ်ပညာများသိရှိထွန်းကားသောခေတ်တစ်ခေတ်ဖြစ်သည်မှာမှန်ပါသည်။ အာကာသစူးစမ်းရှာဖွေမှုများထွန်းကားအောင်မြင်လျှက်ရှိပါသည်။ ကမ္ဘာအနှံ့နေရာတိုင်းတွင် ရစ်ပတ်နှောင်ဖွဲ့ကာ ဆက်သွယ်ရေးများအလွန်ကောင်းမွန်နေပါသည်။ ထို့ပြင်လူသား၏ခန္ဓာကိုယ်အစိတ်အပိုင်းများကိုပင်ပြုပြင် ပြောင်းလဲအစားထိုးနိုင်သည်အထိ တိုးတက်နေသောအခြေအနေဖြစ်ပါသည်။သို့သော်တိုးတက်အောင်မြင်မှုများ၏ပြောင်းပြန်ဖြစ်ရပ်မှာကားတိုးတက်အောင်မြင်ခြင်းနှင့်ယှဉ်တွဲရမည့်ရလဒ်အစားအခြေအနေမှာတစ်ခြားဖြစ်နေပေသည်။ အထူးသဖြင့် ၁၉၉၆–ခုနှစ်အတွင်းလူသားတို့သည်ရှေးအကျဆုံးစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည့်နောက်တစ်ကြိမ်ကောက်ရိတ်သိမ်းခြင်းသည်အကျိုးရှိအောင်မြင်ရန်မည်သို့ဆောင်ရွက်ရမည်ဟူ၍ ခေါင်းခဲနေကြရပါသည်။ ဤတွေးခေါ်ဆင်ခြင်ရေးအဖွဲ့ကပင် ၁၉၉၅–ခုနှစ်တွင်သီးနှံအထွက် ကျဆင်းမှုပိုမိုများပြားလာကာ နည်းပါးလျော့ကျနေသောကမ္ဘာ့အရံစားနပ်ရိက္ခာအခြေအနေ များကိုအထူးပြုဖော်ပြကာ"ကျွန်ုပ်တို့သည်ထိပ်လန့်ဖွယ်အခြေအနေသို့ရောက်ရှိလာပြီ" ဟုသတိပေးထားပါသည်။ အခြားကျွမ်းကျင်သူများနည်းတူကမ္ဘာ့လူသားတို့ကြုံတွေ့နေရသောဆာလောင်မွတ်သိပ်ခြင်းမှာကမ္ဘာကြီးပိုမိုပူနွေးလာခြင်းအပေါ်အပြစ်ဖို့ထားပါသည်။

ထိုအဖွဲ့၏ "၁၉၉၆–အရေးကြီးလက္ခဏာများ"အစီရင်ခံစာတွင်အာမခံလုပ်ငန်းများကရာသီဥတုဖောက်ပြန်မှုကြောင့်သီးနှံပျက်စီးမှုများအတွက်ထုတ်ပေးခဲ့ရသောငွေကြေးမှာ၁၉၉၀ ပြည့်နှစ်များ၏ပထမဆယ်စုနှစ်ဝက်တွင်ဒေါ်လာကုဋေပေါင်း ၄၈ ကုဋေရှိခဲ့ပြီး၊ ၁၉၈၀–ပြည့်နှစ်၏ဆယ်စုနှစ်အားလုံးအတွက် ပင်သီးနှံဆုံးရှုံးမှုအတွက်ထုတ်ပေးခဲ့ရသောငွေမှာဒေါ်လာ ၁၆ ကုဋေသာရှိကြောင်း နှိုင်းယှဉ်ချက်ကိုအလေးပေးဖော်ပြခဲ့ပါသည်။

ဇလဗေဒပညာရှင်တစ်ဦးနှင့် "ဗြိတိန်နိုင်ငံပတ်ဝန်းကျင် ညစ်ညမ်းမှုတော်ဝင်ကော်မရှင်"၏ဥက္ကဌဖြစ်သူဆာဂျွန်ဟော်တန်က"ကြီးမားသောပျက်စီးဆုံးရှုံးမှုများအတောမသတ်တွေ့ရလိမ့်မည်။ သစ်တောရေမြေများခန်းခြောက်ပျက်စီးမည်၊ ငှက်ဖျားကဲ့သို့သောရောဂါများကူးစက်ပျံ့နှံ့သွား၊ ငတ်မွတ်နေသောဒုက္ခများ နယ်စပ်တစ်ခုမှတစ်ခုသို့ကူးလူးသွားလာစဉ်ရာသီဥတုမှာလည်းဆိုးဝါးသထက်ဆိုးဝါးလာမည်"ဟုသတိပေးပြောကြားခဲ့ပါသည်။

သင်သည်သာမန်နှုန်းဖြင့်စာဖတ်တတ်သူတစ်ယောက် ဖြစ်ပါက ဤစာစောင်ကိုစတင်ဖတ်ရှုစဉ်မှစ၍ ယခုအချိန်အထိ အနည်းဆုံးလူ ၂၀၀ ခန့်အငတ်ဘေးကြောင့် သေဆုံးခဲ့ပြီးဖြစ် ပါသည်။ ရှေးဆန်ပြီးပြုပြင်ပြောင်းလဲခြင်းကိုမလိုလားသူများ က ကမ္ဘာပေါ်တွင်ကြီးမားပြင်းထန်စွာတိုးတက်ပြောင်းလဲခြင်း မရှိပါက နှစ်စဉ်လူပေါင်း ၄–သန်းသေဆုံးမည်ဟုခန့်မှန်းချက်များတွင်ဖော်ပြထားပါသည်။

လူသားတို့၏သမိုင်းတွင်ကမ္ဘာ့လူဦးရေတစ်ကုဋေရှိလာရန် ၁၈၃၀ ခုနှစ်အထိကြာမြင့်ခဲ့ပါသည်။ ဆိုလိုသည်မှာ ၁၈၃၀ခုနှစ်ရောက်မှသာလျှင်ကမ္ဘာ့လူဦးရေသည်တစ်ကုဋေအထိရှိလာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့လူဦးရေ နှစ်ကုဋေရှိလာရန် ၁၉၃၀ခုနှစ်အထိသာကြာမြင့်ခဲ့ပါသည်။ နောက်ထပ်နှစ်ပေါင်း၃၀ကြာမြင့်လာသောအခါ သုံးကုဋေရှိလာပြီး၊ နောက်ထပ်၁၆နှစ်ကြာသောအခါ ၄ကုဋေဖြစ်လာပါသည်။ ၁၉၇၆ခုနှစ်ရောက်ပြီး ၁၁နှစ်ကြာမြင့်သောအခါကမ္ဘာ့လူဦးရေမှာငါးကုဋေရှိလာပါသည်။ သက္ကရာဇ် ၂၀၃၀ခုနှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၈.၅ကုဋေသို့ရောက်ရှိလာမည်ဟုခန့်မှန်းမျှော်လင့်ထားသည်။ လူဦးရေတိုး ပွားလာသည်နှင့်အမျှစိုက်ပျိုးထုတ်လုပ်နိုင်သောမြေဧရိယာမှာလည်းလျော့နည်းသွားရပါသည်။

## ရှင်းလင်းသောအဖြေ

ကမ္ဘာ့အခြေအနေအမှန်ကိုလေ့လာကြည့်မည်ဆိုပါက ပြောင်းပြန်အနေအထားၜ်ရှိနေကြောင်းကိုရင်နှင့်ဖွယ်ရာမြင်ရပေမည်။ အဘယ်ကြောင့်ဆိုသော်အမှန်အားဖြင့်တိုးပွားလာ သောလူဦးရေကိုဤကမ္ဘာကြီးကကျွေးမွေးနိုင်သောအခြေအနေတွင်ရှိခြင်းကြောင့်ပင်တည်း။ အချို့သောငတ်မွတ်ခေါင်းပါးခြင်းဘေးဒဏ်များမှာမိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများကြောင့်ဖြစ်စေ သဘာဝဘေးကပ်များကြောင့်ဖြစ်စေပေါ်ပေါက်တတ်သော်လည်း ယနေ့ကမ္ဘာပေါ်၌ တွေ့မြင်နေရသော ငတ်မွတ် ခေါင်းပါးခြင်းများသည် လူသားတို့၏ အတ္တဆန်လွန်းမှုနှင့် လူသားခြင်းစာနာထောက်ထားမှု ကင်းမဲ့ခြင်းများကြောင့်ဖြစ်နေပေသည်။ စစ်ပွဲများပိတ်ဆို့တားဆီးမှုများ၊ အုပ်ချုပ်သူ အစိုးရဌာနများ၏အဂတိလိုက်စားမှုများနှင့် စီးပွားရေးဖိနှိပ် ချုပ်ချယ်မှုများအားလုံးတို့သည် ယနေ့အမှန်ဖြစ်ပေါ်နေသော ပြဿနာ၏အရိပ်လက္ခဏာများပင်ဖြစ်သည်။ အပြစ်မဲ့ကလေးငယ် များဆာလောင်ငတ်မွတ်နေကြစဉ်အချို့သောချမ်းသာကြွယ်ဝသည့် နိုင်ငံများသည်ကောက်ပဲသီးနှံစားနပ်ရိက္ခာများ၏ဈေးနှုန်းများအမှန်မဟုတ်ဘဲဖောင်းပွမြင့်မားနေစေရန်စားနပ်ရိက္ခာတန်ပေါင်းသန်းနှင့်ချီ၍ဖျက်ဆီးလျှက်ရှိနေကြပါသည်။

အေပီသတင်းဆောင်းပါးတစ်ခုတွင်ကျွမ်းကျင်ပိုင်နိုင်မှု ရှိသောကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့သည်၄င်း၏ပဉ္စမအကြိမ်မြောက်နှစ်စဉ်အစီရင်ခံစာ၌အောက်ပါအတိုင်းစိတ်လှုပ်ရှားဖွယ်ရာ များဖြင့်ရေးသားဖော်ပြထားပါသည်။

" ကမ္ဘာ့ငတ်မွတ်ခေါင်းပါးခြင်းသည်လူလူခြင်းစာနာထောက်ထားမှု ကရုဏာတရားများ လျော့နည်းရခြင်းအပေါ်အခြေခံပေသည်။" ထိုကမ္ဘာအတွက်စားနပ်ရိက္ခာအဖွဲ့သည် ဆင်းရဲနွမ်းပါးမှုဆန့်ကျင်ရေးများကြီးမားကျယ်ပြန့်စွာရှိလာနိုင်ရေးအတွက်စည်းရုံးလှုံ့ဆော်လျက်ရှိ၏။

ထိုအဖွဲ့၏ အစီရင်ခံစာတွင် အကြမ်းဖက်မှု၊ နိုင်ငံရေး အာဏာများကင်းမဲ့မှု၊ ဆင်းရဲနွမ်းပါးခြင်း၊ အသားအရောင် ခွဲခြားခြင်းနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမွန်းကြပ်ခြင်းများသည် အာဟာရချို့တဲ့မှု၏ အဓိကအကြောင်းရင်းများဖြစ်ကြောင်းကို ထုတ်ဖော်ရှင်းလင်းပြသခဲ့ပါသည်။

ကျွန်ုပ်တို့အားလုံးသည်သမ္မာကျမ်းစာပါရွှေစည်းမျဉ်းများ အားလိုက်နာနေရုံဖြင့် တစ်ပါးသူအားမိမိကိုပြုကျင့်စေလိုသည့်အတိုင်းကျင့်ကြံပြုမူနေထိုင်မည်ဆိုပါကကမ္ဘာ့ငတ်မွတ်ခေါင်းပါးခြင်းကဲ့သို့သောချောက်လှန့်နေသည့်ပြဿနာများကိုဖယ်ရှားပစ်နိုင်မည်ဖြစ်ပေသည်။

## " စစ် "–ဖြုန်းတီးဖျက်ဆီးသူကြီး

ငတ်မွတ်ခေါင်းပါးမှုများသည် စစ်မက်ဖြစ်ပွားခြင်းများနှင့်ဆက်နွယ်လျက်ရှိကြ၏။ ပို၍မှန်ကန်တိကျစွာပြောရမည်ဆိုပါက စစ်သည်ငတ်မွတ်ခေါင်းပါးခြင်းကိုပိုမိုဖြစ်ပေါ်လာစေသည်။ ယခင်အမေရိကန်သမ္မတဗိုလ်ချုပ်ကြီး ဒွိုက်ဒီ၊အိုက်စင်ဟောင်ဝါက

စစ်မက်ဖြစ်ပွားခြင်းကြောင့် အပျက်အပျက်နှင့် ဆုံးရှုံးရခြင်းများအဖြစ်ကို အလေးပေးကာအတိအလင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးကထုတ်လုပ်လိုက်တဲ့ သေနတ်တစ်လက်စီ၊ ရေချလိုက်တဲ့စစ်သင်္ဘောတစ်စီးစီ၊ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တစ်စီးစီသည် တကယ်တော့ဆာလောင်ပြီးအစာရေစာမစားသောက်ရသူများ၊ ချမ်းအေးသောဒဏ်ခံနေရပါလျှက်အဝတ်အထည်ဝတ်ဆင်ရသူများထံမှ ခိုးဝှက်ရယူသည့်အဓိပ္ပါယ်မျိုးဖော်ညွှန်းနေပါသည်။ လက်နက်များပြည့်ဝနေသောကမ္ဘာကြီးသည်လက်နက်ပြုလုပ်ရန်ငွေကြေးတစ်ခုတည်းကိုသာ သုံးစွဲနေခြင်းမဟုတ်ပါ။ လက်နက်ပစ္စည်းများထုတ်လုပ်ခြင်းအတွက်ကမ္ဘာ့အနှံ့အပြားအလုပ်သမားများ၏လုပ်အားနှင့်သွေးချွေးများကို သုံးပြုနေသကဲ့သို့ သိပ္ပံပညာရှင်များ၏ဉာဏ်ပညာနှင့်ကလေးသူငယ်များ၏မျှော်လင့်ခြင်းများကိုလည်းအသုံးပြုလျှက်ရှိနေပေသည်။ စစ်ဘေးစစ်ဒဏ်၏အရိပ်အောက်တွင်လူသားတို့၏အဖြစ်မှာသံလက်ဝါးကပ်တိုင်ပေါ်၌တွဲလောင်းချိတ်ခံထားရသကဲ့သို့ရှိနေပါသည်။ ကမ္ဘာ့လူသားများနေထိုင်အသက်ရှင်ရန်အတွက်အခြားနည်းလမ်းများမရှိတော့ပေဘူးလား။

အောက်တွင်ဖော်ပြထားသောခေတ်ပြိုင်ဖြစ်ပေါ်လာသည့် အကြောင်းအရာများမှာ အိုက်ဆင်ဟောင်ဝါရှုမြင်သုံးသပ်ခဲ့အတိုင်းပင်ဖြစ်သည်။

၁၉၉၁ ခုနှစ်ကဖြစ်ပွားခဲ့သောပင်လယ်ကွေ့စစ်ပွဲသည်မဟာမိတ်နိုင်ငံများအတွက်တစ်နေ့လျှင်ဒေါ်လာဘီလျံတစ်ဝက် သို့မဟုတ် တစ်မိနစ်သောအချိန်ကာလလေးအတွက် ဒေါ်လာ ၃၅၀၀၀၀ ကုန်ကျပါသည်။ တိုက်လေယာဉ်တစ်စီးလျှင် ဒေါ်လာ ၂၅သန်းခန့်ကုန်ကျပါသည်။ တိုမာဟော့ခ်တိုက်ဒုံးပျံ တစ်စီးလျှင် ဒေါ်လာ ၁.၃သန်းကုန်ကျပါသည်။ ဝေဟင်မှဝေဟင်ပစ်
ဒုံးကျည်သည်ဒေါ်လာ ၈၀၀၀၀၀ကုန်ကျ၏။

လူသားအတွက်အကျိုးရှိသောကုန်ကျစရိတ်များအဖြစ်လှည့်ပြောင်း တွက်ချက်ကြည့်ပါက ရေဒါထိန်း “စပယ်ရို” ဒုံးကျည်တစ်လက်၏ ကုန်ကျသောတန်ဘိုးမှာ ဆာလောင်နေ သောကျောင်းသားများဖြင့်ပြည့်နှက်နေသောကျောင်းတစ်ကျောင်း အတွက်ကျောင်းသားများ၏ နေ့လည်စာကို ငါးနှစ်တိတိနေ့စဉ် ရက်ဆက်ကာ ကျွေးမွေးနိုင်ပေမည်။

အထက်ဖော်ပြပါဆာလောင်သောကျောင်းသားများအတွက်ငါးနှစ်တာကျွေးမွေးသောကုန်ကျစရိတ်သည်စစ်မက်ရေးရာနှင့်စစ်လက်နက်အတွက်ကုန်ကျသောငွေကြေးတန်ဖိုးကိန်း ဂဏာန်းများနှင့်နှိုင်းယှဉ်ကြည့်ပါက ပရွက်ဆိတ်နှင့်ဆင်ကြီးကဲ့သို့ကွာခြားလှပေသည်။ အဘယ်ကြောင့်ဆိုသော်လူသားအသက်ရှင်ရေးထက်စစ်လက်နက်ကရိယာများနှင့်စစ်မက်ရေးရာကိစ္စများအတွက် ကုဋေပေါင်းများစွာ သွန်၍သုံးစွဲနေခြင်းကြောင့်ဖြစ်ပါသည်။ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တော်ရှိအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနဌာနက ကမ္ဘာ့စစ်မက်ရေးရာကုန်ကျစရိတ်များသည် နှစ်စဉ်ပျှမ်းမျှဒေါ်လာကုဋေ ၉၀၀မှ၁၀၀၀ အထိကုန်ကျလျှက်ရှိကြောင်းဖော်ပြထားပါသည်။ သုံးကုဋေမျှသော ကိန်းဂဏာန်းကိုအခြေခံပြီး တွက်ချက်မည် ဆိုပါကစစ်ရေးအတွက် အလွန်များပြားသော ကြေးငွေအား မိနစ်တိုင်းသုံးစွဲလျှက်ရှိသည်ကိုတွေ့ရှိနိုင်ပေမည်။ ဖွံ့ဖြိုးဆဲ ကမ္ဘာရှိဆင်းရဲသောနိုင်ငံများအတွက်ဒေါ်လာကုဋေပေါင်းသုံးဆယ် ကုန်ကျမည့်ရေသန့်ရရှိဖြန့်ဖြူးပေးရေး (၁၀)နှစ်စီမံကိန်းကြီး အတွက်ကုန်ကျစရိတ်သည်စစ်မက်ရေးရာအတွက်(၁၀)ရက်စာ အသုံးစရိတ်သာ ဖြစ်လေသည်။ စစ်ရေးအတွက် (၁၈)ရက်စာ ကုန်ကျစရိတ်သည် တစ်ကမ္ဘာလုံးရှိအဟာရချို့တဲ့မှုကိုပပျောက် စေသည့်အသုံးစရိတ်နှင့်ညီပေသည်။ ကျွမ်းကျင်သူများကဒေါ်လာ သန်းနှစ်ရာ သို့မဟုတ်စစ်မက်ရေးရာအတွက် သုံးနာရီအသုံး ပြုသောငွေကြေးသည် နှစ်စဉ်ကလေးသူငယ် ၄သန်းသေကြေပျက်စီးစေသောဆုံဆို့နာချောင်းချောက်ဆိုးခြင်း၊ မေးခိုင်ရောဂါ၊ ဝက်သက်ရောဂါနှင့် အရိုးပျော့ရောဂါများကို လုံးဝပပျောက်ကင်းအောင်ဆောင်ရွက်စေနိုင်သည်ဟု ယုံကြည်ကြောင်း ထုတ်ဖော် ပြောဆိုပါသည်။

## ရောဂါဘေးရှာ ကပ်ဆိုက်နေသော ကမ္ဘာ

“ထိုအခါပလိပ်ရောဂါဆိုးများဖြစ်ပေါ်ပေလိမ့်မည်”

စစ်မက်ဖြစ်ပွားခြင်းနှင့်ငတ်မွတ်ခေါင်းပါးခြင်းများကြောင့် ဖြစ်ပွားလာသော ဆိုးရွားမှု အကြိမ်ကြိမ်ထပ်နေသကဲ့သို့ ကူးစက်တတ်သော ပလိပ်ရောဂါဆိုးများသည်လည်း စိုးရိမ်ထိပ်လန့်ဖွယ်ရာဖြစ်ပွားလျှက်ရှိနေပေသည်။

နှစ်ပေါင်း၂၀မပြည့်သေးမီကာလကမှဆေးပညာလောက အနေဖြင့် ဘက်တီးရီးယားရောဂါပိုးပေါင်း မြောက်များစွာနှင့် လူကိုသေစေတတ်သော ရောဂါအမျိုးမျိုးကိုတိုက်ဖျက်နှိမ်နင်း လိုက်ပြီဖြစ်ကြောင်းအခိုင်အမာပြောကြားခဲ့ပါသည်။ ၁၉၇၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုခွဲစိတ်ကု ဆရာဝန်ချုပ်ကြီး ဝီလီယံစတူးဝပ်က ကူးစက်တတ်သော ရောဂါများ ဤကမ္ဘာပေါ် ၌ မရှိတော့၍ ယင်းအတွက် ဆောင်ရွက်ချက်များ နိဂုံးချုပ်ချိန် ကျရောက်ပြီဟုကြေညာခဲ့ပါသည်။

မကြာသေးသော ၁၉၈၃ခုနှစ်၌ဆေးပညာကျမ်း တစ်စောင်က ကူးစက်တတ်သောရောဂါများသည်အခြား သောကြီးကျယ်သည့် နာမကျန်းဖြစ်ပွားခြင်းများ ထက်ပို၍ လွယ်ကူစွာကုသနိုင်ပေသည်ဟုခိုင်မာစွာဖော်ပြထားပါသည်။

သို့သော်ထိုကဲ့သို့မဟုတ်ဘဲ ကူးစက်ရောဂါများမှာ တဖြည်းဖြည်း ပပျောက်သွားရမည့်အစား၉၀ပြည့်လွန်နှစ်များ အတွင်း ဖြစ်ပွားမှုများ တိုးတက်များပြားလာသည်ကိုတွေ့ရ ပေသည်။ ဒေါက်တာရှာဝမ်နလန်၏အရောင်းရအသွက်ဆုံး စာအုပ်ဖြစ်သော“ကျွန်ုပ်တို့သေကြရပုံ”စာအုပ်တွင်ကူးစက်ရောဂါ ကိုအောင်မြင်အနိုင်ယူလိုက်ပြီဆိုသောဆေးပညာ၏ဆိုလိုချက် အာဘော်မှာလည့်စားခြင်းတစ်ရပ်သာဖြစ်သည်ဟုရှေ့ရေးအတွက် သောကမကင်းပူဆွေးမှုဖြင့်ရေးသားဖော်ပြထားပါသည်ဆေးဝါး တန်ခိုးအာနိသင်ကိုတွန်းလှန်တိုက်ဖျက်နိုင်သောဘက်တီးရီးယား ပိုးမွှားအုပ်စုများသည် ယခုအခါတွင်ပြန်လည်ပေါ်ပေါက်နေပြီ ဖြစ်ရာဤရောဂါပိုးမွှားအန္တရာယ်များသည်အေအိုင်ဒီအက်စ်ရောဂါ ထက်ပင်အသက်အန္တရာယ်ကိုခြိမ်းခြောက်လျှက်ရှိကြောင်း ဆရာဝန်များကသတိပေးနေပါသည်။

အေပီသတင်းအရ အောက်ပါအတိုင်း သိရပါသည်။ များပြားလှသော လက်ရှိဘက်တီးရီးယားရောဂါပိုးတိုက်ဖျက်သော ဆေးဝါးများဖြင့် ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်သောဘက်တီးရီးယားရောဂါပိုးအုပ်စုများပေါ်ပေါက်လျှက်ရှိ ရာ ၄င်းဘက်တီးရီးယား ရောဂါပိုးများသည်အေအိုင်ဒီအက်စ်ထက်ပင် လူထု၏ကျန်းမာရေးကိုခြိမ်းခြောက်လျှက်ရှိကြောင်း ကျွမ်းကျင်သူများကသတိပေးပြောကြားပါသည်။

နှိမ်နင်းပပျောက်သွားပြီဟု ယူဆထားရသော (တီဘီ) အဆုတ်နာရောဂါ၊ အဆုတ်ရောင်ရောဂါ၊ဦးနှောက်အမြှေးပါးရောဂါနှင့်ခံတွင်းရောဂါများသည် ယခုအခါမရပ်မနားဖြစ်ပေါ်လျှက်ရှိနေ၏။ သာမန်ပိုးမွှားများသည်လမ်းလျှောက်တတ်စကလေး အရွယ်များ၏ နားရွက်တွင် ‘ဖြစ်ပေါ်သော ရောဂါမှအစအဆုတ်ရောင်ရောဂါအထိဖြစ်ပွားစေသော“မဟာပိုးမွှားများ” ဖြစ်နိုင်ပြီး ဗင်ကိုမိုင်ဇင်နှင့်အခြားဆေးဝါးများကိုတွန်းလှန်နိုင်စွမ်းရှိ

သောရောဂါပိုးကြီးများဖြစ်နေချေပြီ။

## ရောဂါပိုးမွှားတိုက်ဖျက်ဆေးများ၏ဒဏ်ပြန်အန္တရယ်

အဘယ်ကြောင့်တစ်ချိန်တစ်ခါကမေ့မှိန်သွားပြီသို့မဟုတ်လုံးဝပျောက်ပျက်လုနီးပြီဟုယူဆခဲ့ရသောရောဂါဘယများပြန်လည်ပေါ်ပေါက်လာရပါသနည်း။ ကျွမ်းကျင်သူများအနေဖြင့်မူ အဆိုပါ ရောဂါပိုးမွှားတိုက်ဖျက်ရမည့် ဆေးဝါးများကို နေရာ အနှံ့အပြား၌ တလွဲတချော် မှားယွင်းစွာ သုံးစွဲကြခြင်းကြောင့် ရောဂါပိုးမွှားများအား ဖျောကဖျက်ရန်ဖော်စပ်ထားသော ဆေးဝါးများ မှာအလွန်သန်စွမ်းသော ရောဂါပိုးအုပ်စုသစ်များ အဖြစ်ပေါ်ပေါက်လာစေလေပြီဟု ငေါ့တော့တော့ ပြောဆို လာကြပါသည်။

## လူသတ်ပိုးမွှားများ

ဆေးဝါးလောကတတ်သိနားလည်ပြီးတာဝန်ရှိသူများ အနေဖြင့်ယခုအခါတွင်ရောဂါပိုးမွှားကပ်ရောဂါများတိုးပွားလာ နေသည်သာမက၊ လူကိုသေစေနိုင်သောကူးစက်ရောဂါများ ဖြစ်သည့်အေအိုင်ဒီအက်စ်နှင့်အီဘိုလာရောဂါများသည်ယခင် ကထက်ပို၍ ဖြစ်ပေါ်လျှက်ရှိနေသည်ဟု သတိပေးနေပါသည်။

## ပေါက်ကွဲပျံ့နှံ့နေသောအေအိုင်ဒီအက်စ်ရောဂါ

ကမ္ဘာအနှံ့အရှိန်အဟုန်ဖြင့်ကူးစက်ပျံ့ပွားလျှက်ရှိနေသော အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားမှုအရေအတွက် စာရင်းအင်း များမှာ အံ့သြလောက်အောင် ကြီးမားနေပါသည်။ ကုလသမဂ္ဂ ကိုယ်ခံ အားကျဆင်းမှုဌာန(UNAIDS)၏ အိပ်ချ်အိုင်ဗီနှင့် အေအိုင်ဒီအက်စ်ဆိုင်ရာကုလသမဂ္ဂပူးတွဲအစီအစဉ်၏၁၉၉၆ခုနှစ်ဒီဇင်ဘာလတွင်ထုတ်ပြန်သောနှစ်ချုပ်ခန့်မှန်းချက်တွင်အိပ်ချ် အိုင်ဗီရောဂါပိုးရှိသူ သန်းပေါင်း ၃.၁ တိုးတက်များပြားလာ ကြောင်းဖော်ပြပါရှိပါသည်။ ၁၉၉၆ခုနှစ်တွင် အေအိုင်ဒီအက်စ် ရောဂါကြောင့်သေကြေသူပေါင်း ၁.၅ သန်းရှိရာအေအိုင်ဒီအက်စ် ရောဂါနှင့်၄င်းနှင့်ဆက်နွယ်သောရောဂါများကြောင့်ယနေ့ထိ လူစုစုပေါင်း ၆.၄သန်းသေဆုံးရကြောင်းဖော်ပြပါသည်။ ယခု ဤစာရေးသားနေချိန်ကာလတွင်လူပေါင်း၂၄သန်းမှာအေအိုင် ဒီအက်စ်ရောဂါအကြောင်းစတင်တွေ့မြင်သိရှိရသော ၁၉၈၀ခုနှစ်မှစ၍ယနေ့အထိလူပေါင်းသန်း ၃၀ဤရောဂါဆိုးကိုကူးစက် ရရှိခဲ့ပြီးဖြစ်ကြောင်းပေါ်လွင်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဖော်ပြချက်အရကမ္ဘာအနှံ့တွင် နေ့စဉ်လူပေါင်းခြောက်ထောင်ကျော်အိပ်ချ်အိုင်ဗီရောဂါပိုးများ ကူးစက်လျှက်ရှိပြီး ရောဂါကူးစက်ပျံ့ပွားမှုအခြေအနေမှာတစ်နေ့ ထက်တစ်နေ့ကြီးထွားဆိုးဝါးလာခြင်းရှိကြောင်းပါရှိပါသည်။ လိင်ဆက်ဆံခြင်းကြောင့် အိပ်ချ်အိုင်ဗီရောဂါပိုး ရရှိမှုသည် ၇၅% ခန့်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ပြောရေးဆိုခွင့် ရှိသူခရစ်စတိုဖာပိုဝဲလ်ကသက္ကရာဇ် ၂၀၀၀တွင် အိပ်ချ်အိုင်ဗီ ရောဂါပိုးရှိသူ သန်းပေါင်း ၄၀အထိရောက်ရှိ သွားလိမ့်မည်ဟု တင်ကူးဟောထားပါသည်။

အထက်တွင်ဖော်ပြခဲ့သောကပ်ရောဂါများအပြင်ကူးစက်ခြင်း မရှိဟုယူဆရသောကင်ဆာရောဂါလည်းကျန်ရှိနေပါသေးသည်။ သိပ္ပံပညာရှင်များကကင်ဆာရောဂါဖြစ်ပွားရသောအကြောင်း ရင်း၏ ၈၀%မှာ ပတ်ဝန်းကျင်ဖန်တီးမှုများကြောင့်ဖြစ်သည်ဟုခန့်မှန်းပြောဆိုပါသည်။

ဥပမာအားဖြင့်ဆေးလိပ်သောက်ခြင်းကြောင့်ကင်ဆာ ရောဂါဖြစ်နိုင်စေပါသည်။ မိမိကိုယ်တိုင်ဆေးလိပ်မသောက် သည့်တိုင် ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် ရောဂါရရှိနိုင် ပေသည်။ ထို့ပြင်ယနေ့ ကျွန်ုပ်တို့စားသုံးလျှက်ရှိသောခေတ်မီ စားသောက်စရာများသည် ဘေးဥပါဒ်ဖြစ်တတ်သောဓါတုပစ္စည်း များပါဝင်ခြင်းကြောင့်လည်းကင်ဆာရောဂါဖြစ်ပွားစေပါသည်။ အမှန်အားဖြင့်ကျွန်ုပ်တို့၏ဘိုးဘွားများလက်ထက်တိုင်အောင် မကြားဘူး၊ မကြုံဘူးခဲ့သောကင်ဆာရောဂါမျိုးစုံကြောင့် ယခု ခေတ်တွင်နှစ်စဉ်လူ ၆သန်းခန့်သေဆုံးရပါသည်။ ရုတ်တရက် တိုးပွားပျံ့နှံ့လာသောလူကိုသေစေနိုင်သည့်မီလိုနိမာခေါ်အရေပြားကင်ဆာသည်နေမှထုတ်လွှင့်လိုက်သည့်ခရမ်းရောင်ရောင်ခြည်ကိုကာကွယ်သည့်ကမ္ဘာမြေကြီး၏အိုဇုန်းလွှာပြုန်းတီးခြင်းကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ယေရှုကသူပြန်ကြွလာခါနီးချိန်တွင်ဤလောက၌အဖျားအနာပလိပ်ကပ်ရောဂါဆိုးများမြောက်များစွာဖြစ်ပေါ်နေပေမည်။ ဟုမိန့်ကြားခဲ့ပါသည်။ ဤကပ်ရောဂါဆိုးများကျရောက်နေသည့်တိုင်အောင်ဘုရားသခင်ကမိမိကိုယုံကြည်ကြသူများအားကာကွယ်စောင့်ရှောက်ပြီး ပျောက်ကင်းစေမည်ဟုသမ္မာကျမ်းစာကဖော်ပြထားပါသည်။ “ငါ၏နာမတော်ကိုကြောက်ရွံ့သော သင်တို့၌ကား၊ တရားတော်နေမင်းသည်အနာပျောက်စေသော အတောင်တော်တို့နှင့်ပေါ်ထွန်းတော်မူမည်။” (မာလခိ ၄း၂)

## ရာသီဥတုပြောင်းလဲမှုကြီး

“နေရာအနှံ့အပြား၌မြေငလျင်များလှုပ်လိမ့်မည်။”

ကမ္ဘာ့နှစ်ချုပ်မှတ်တမ်းစာအုပ်ကခရစ်နှစ် ၁၀၀၀နှင့် နှစ် ၁၈၀၀ အတွင်း၌ကြီးမားသောမြေငလျင် ၂ကြိမ်သာဖြစ် ပေါ်ခဲ့ကြောင်းဖော်ပြပါသည်။ ၁၈၀၀ နှင့် ၁၉၀၀ နှစ်များအတွင်းမြေငလျင်ကြီး (၁၈)ကြိမ်လှုပ်ခဲ့ပြီး နောက်နှစ်ပေါင်း၅၀ ကြာသော ၁၉၀၀ နှင့် ၁၉၅၀ နှစ်များအတွင်း ငလျင်ကြီး(၃၃) ကြိမ်ဖြစ်ပေါ်ခဲ့ရာ ပြီးခဲ့သောနှစ် ၈၅၀နီးပါးခန့်အတွင်း လှုပ်ခဲ့သည့်အကြိမ်နှင့်ညီမျှသည်ဟုဆို၏။

၁၉၅၀ နှင့် ၁၉၉၁ခုနှစ်များအတွင်းငလျင်ကြီး ၉၃ကြိမ်ဖြစ်ပွားခဲ့ရာ ကုန်လွန်ခဲ့သောရာစုနှစ်ဝက်ထက်အကြိမ် (၃)ဆရှိပေသည်။ ဤ(၄၁)နှစ်အတွင်းဖြစ်ပေါ်ခဲ့သောငလျင်ဒဏ်ကြောင့်ကမ္ဘာအနှံ့လူ ၁.၃သန်းသေဆုံးခဲ့ပါသည်။ ဤကဲ့သို့

ရုတ်ချည်းတိုးပွားလာသောငလျင်လှုပ်ခြင်းများကြောင့် သိပ္ပံပညာရှင်များက ကျွန်ုပ်တို့သည် ငလျင်လှုပ်ခြင်းနှင့် ပတ်သက်ဆက်နွယ်နေသောကပ်ကာလအတွင်းသို့ချဉ်းနင်းဝင်ရောက်နေ ပြီဟုကြိုတင်နိမိတ်ထုတ်ပြောကြားနေပေပြီ။

၁၉၉၅–ခုနှစ်တွင်ကျင်းပခဲ့သောဘူမိဗေဒနှင့် မြေငလျင်နှင့် မီးတောင်ပညာရှင်များ၏ထိပ်သီးညီလာခံတွင် ပညာရှင်များကမြေငလျင်ကြောပေါ်၌မြို့ကြီးများတိုးပွားလာခြင်းများသည် မကြာမီကာလအတွင်းရှေးယခင်ကမကြုံဖူးမတွေ့ဖူးခဲ့သောကပ်ဘေးဒုက္ခများ ဖြစ်ပေါ်စေလိမ့်မည်ဟု သတိပေးခဲ့ပါသည်။

ပရောဖက်ဟေရှာယကလည်း ဤကမ္ဘာလောကကြီး၏နောက်ဆုံးနေ့များတွင် အလွန်ကြီးမားသော မြေငလျင်များ လှုပ်လိမ့်မည်ဟု ကြိုတင်သိမြင်ပြောကြားခြင်းကို အောက်ပါ သမ္မာကျမ်းချက်တွင်ဖတ်ရှုသိရှိနိုင်ပါသည်။

"ကြောက်လန့်ဘွယ်သောအရာမှပြေးသောသူသည်မြေတွင်းသို့ကျလိမ့်မည်၊ မြေတွင်းမှလွတ်သောသူသည်ကျော့ကွင်း၌ကျော့မိလိမ့်မည်။ ကောင်းကင်ပြွန်ဝပွင့်လျက်ရှိ၍၊ မြေကြီးအမြစ်လည်းလှုပ်ရှားလေပြီ။ ပြည်တော်သည်တပြည်လုံးပြိုတ် လေပြီ။ ပြည်တော်သည် အကုန်အစင်ပြိုပျက်လေပြီ။ ပြည်တော် သည် အလွန်တုန်လှုပ်လျက်ရှိလေ၏။ ပြည်တော်သည် ယစ်မူး သောသူကဲ့သို့ တလူးလည်လည်ရှိ၏။ ပုခက်ကဲ့သို့လှုပ်ရှား၏။ မိမိအပြစ်သည် မိမိပေါ်မှာလေးသဖြင့် ပြည်တော်သည်လဲလိမ့် မည်၊ နောက်တဖန်မထရ။(ဟေရှာယ – ၂၄:၁၈–၂၀၊ ၃၀:၂၅)

## *အစမ္မ အကြမ်းဖက်မှု ဖုံးလွှမ်းနေသော ဤကမ္ဘာ*

ခရစ်တော်ယေရှုက မိမိသည် ဤကမ္ဘာလောကသို့ ဒုတိယအကြိမ် ပြန်လည်မကြွလာမီ ထိန်းသိမ်း၍မရသော အစမ္မဆောင် အကြမ်းဖက်မှုများပြားသော အခြေအနေတစ်ခုလည်းဖြစ်ပေါ် နေပေမည်ဟု မိန့်ကြားခဲ့ပါသည်။ သမ္မာကျမ်းစာတွင် "လူသားသည် ကြွလာသောအခါ နောဧလက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်" ဟုဖော်ပြထားပါသည်။ (မဿဲ ၂၄:၃၇)

နောဧလက်ထက်၌ အခြေအနေများ မည်သို့ရှိခဲ့ပါသနည်း။ ကမ္ဘာဦးကျမ်းက ကျွန်ုပ်တို့ကို ဤကဲ့သို့ သိရှိစေပါသည်။ "ထိုအခါမြေကြီးသည်ဘုရားသခင်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အစမ္မအမှုနှင့် ပြည့်စုံလေ၏" (ကမ္ဘာဦး ၆:၁၁)

ယခုအခါ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ကြေကွဲဖွယ်ရာ အဓိပ္ပါယ်ကင်းမဲ့သော အကြောင်းအရာများ ပါသည့် သတင်း ခေါင်းကြီးပိုင်းများကို ကြောက်မက်ထိပ်လန့်ဖွယ်ဖြင့် ဖတ်ရှုနေရပါသည်။

အမေရိကန်ပြည်ထောင်စု တစ်ခုတည်း၌ပင် အကြမ်းဖက် အမှုအခင်းများ စာရင်းအရေအတွက်မှာ အံ့အားသင့်လောက် ပေသည်။ အမေရိကန်နိုင်ငံ စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့ဖြစ်သော အက်ဖ်ဘီအိုင်က အမေရိကန်နိုင်ငံတွင် ပျှမ်းမျှခြင်းအားဖြင့် ၂၂မိနစ် တိုင်းတွင် လူတစ်ဦး အသတ်ခံရကာ၊ ၄မိနစ်တိုင်းတွင် အမျိုးသမီး တစ်ဦး အစမ္မပြုကျင့်ခြင်းခံရပြီး၊ ၂၆စက္ကန့်တိုင်းတွင် လုယက်မှု တစ်ခုကျူးလွန်လျက် ရှိနေကြောင်း ဖော်ပြထားပါသည်။

မှုခင်းကျွမ်းကျင်သူများ ကော်မရှင်၏ အစီရင်ခံစာကို ကိုးကားလျှက် ရိုက်တာသတင်းစဉ်က အမေရိကန်နိုင်ငံ၏ မှုခင်းအခြေအနေများမှာ ပို၍ပင်မြင့်မားလျက် ရှိကြောင်း အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ဘော့စတန်မြို့ရှိ အရှေ့မြောက် တက္ကသိုလ်မှ လူမှုရေးပညာ ပါမောက္ခဂျက်လီဗင်က လက်ရှိအချိန်ကာလတွင် ၁၄နှစ် ၁၅နှစ် အရွယ်ကလေးလူငယ်များမှ လူငယ်များသည် ဤခေတ်ကာလအပိုင်းအခြားတွင် မွေးဖွားလာသော ကလေးများဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် မွေးဖွားသူများထက်ပင် လူသတ်မှု၊ ဒုစရိုက်ကျူးလွန်ရာ၌ သာလွန်ထက်မြက်လျှက် ရှိကြသည်။ ကျူးလွန်တတ်ကြသော အသက် ၁၈နှစ်မှ ၂၄နှစ် သက်တန်းအုပ်စု အရွယ်များ၏ အသက်အရွယ်သို့ပင် မရောက်ရှိသေးပေ။ "ဤကလေးသူငယ်များသည် အသက်အရွယ် မရကြသေးစေကာမူ လူသတ်မှုကျူးလွန်တတ်ကြပေပြီ၊ နောက်ဆက်၍ သူတို့ဘာများ လုပ်ကြဦးမှာလဲ" ဟုလီဗင် ကမေးထားပါသည်။

## အဲဒါလား ဖျော်ဖြေမှုဆိုတာ

ယနေ့လူငယ်များ အတွင်းမှာ ဘာကြောင့်မကြုံစဖူး အကြမ်းဖက်မှုတွေ တိုးပွားနေရဒါလဲ။ လူမှုသိပ္ပံပညာရှင်များ အနေဖြင့် ဖျော်ဖြေမှုသည် အဓိကတရားခံဖြစ်သည်ဟု ယူဆ ထားပါသည်။ အထူးသဖြင့် လူတိုင်းရဲ့ဧည့်ခန်းအတွင်းသို့ ရုပ်သွင်သဏ္ဍာန်များ ယူဆောင်လာသော ရုပ်မြင်သံကြားယဉ်ကျေးမှု ပင်ဖြစ်တော့သည်။ ယခုတော့ မဟုတ်တော့ပါ။ အမေရိကန် ကလေးသူငယ်များသည် ပျှမ်းမျှအသက် ၁၅နှစ်ရှိသောအခါ ၎င်းတို့သည် အကြမ်းဖက်မှုကြောင့် သေကြေပျက်စီးသူပေါင်း ၃၅၀၀၀ ကိုသာမက ရက်စက်ကြမ်းကြုတ်မှုပေါင်း ၂၀၀၀၀၀ ကို၎င်း တွေ့မြင်ထားပြီး ဖြစ်ပေလိမ့်မည်။ နောင်ခေတ် ကာလအချိန်၌ပင် ယျွကျွန်ုပ်တို့ ရင်ဆိုင်တွေ့ကြုံနေရသော အကြမ်းဖက်မှု များလောက် ကြီးထွားခြင်းမရှိပေ။

ရုပ်မြင်သံကြားဖန်သားပေါ်၌ တွေ့မြင်ရသော အကြမ်းဖက်မှုများသည် လမ်းများပေါ်၌ တွေ့မြင်ရသော အကြမ်းဖက်မှုများနှင့် ဆက်စပ်မှုမရှိဟူ၍ ကျွန်ုပ်တို့ ငြင်းဆိုနိုင်မည် မဟုတ်ပေ။ ယူပီအိုင် သတင်းတစ်ရပ်တွင် အဖွဲ့ဝင်ဦးရေ ၄၀၀၀၀ ရှိသော ဗြိတိန်နိုင်ငံ အသက်မွေးဝမ်းကြောင်း အတတ်ပညာရှင်များ (ဆရာများ) အသင်း၏ တိုင်းတာစီစစ်မှု တစ်ခုတွင် ထိုအဖွဲ့က အောက်ပါအတိုင်း ယူဆဖွင့်ဆိုထားပါသည်။

ရှီကာကိုမြို့ အီလီနွိုင်းတက္ကသိုလ်၊ စိတ်ပညာ ပါမောက္ခ တစ်ဦးဖြစ်သူ ဒေါက်တာ လီယိုနတ်ဒီအက်ဖ်ဖရွန်သည် ရုပ်မြင်သံကြား ကြည့်ရှုသူ ၄၀၀ကျော်၏ အကျင့်စရိုက်ကို နှစ်ပေါင်း၂၂–နှစ်တိုင်အောင် လေ့လာ သုံးသပ်ခဲ့ပါသည်။ ရုပ်မြင်သံကြားတွင် အကြမ်းဖက်မှုများ အလွန်အကျွံ ပြသနေခြင်းကြောင့် လူ့အဖွဲ့အစည်းတွင် ကြမ်းကြုတ် အစမ္မဆန်သော အပြုအမူများ၊ မှုခင်းများနှင့် အကြမ်းဖက်မှု ဖြစ်ပေါ်လာရသည်ကို သံသယရှိ ရန်မလိုပေဟု ဒေါက်တာအက်ဖ်ဖရွန်က မိမိ၏ထင်မြင်ချက်ကို ပြောကြားခဲ့ပါသည်။

ရုပ်မြင်သံကြားတွင် အကြမ်းဖက်မှုများ ပြသရာမှ ပြင်ပတွင် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ အခြေအတင် ပြောဆိုအငြင်းပွား နေကြသည်မှာ စီးကရက်သောက်ခြင်းနှင့် ကင်ဆာရောဂါဖြစ်သည့် အကြောင်းအရင်းကဲ့သို့ ပင်ရှိနေပါသည်။

"လျင်မြန်စွာ ပြောင်းလဲနေသော မိမိတို့ ကမ္ဘာကြီးနှင့် ပတ်သက်၍ လူငယ်များ၏ ခံစားချက်" ကိုသိရှိနိုင်ရန် အတွက် နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် လူငယ်များ၏ ကာကွယ်ရေး ရံပုံငွေအဖွဲ့က အသက်(၁၀)နှစ်မှ(၁၇)နှစ်အတွင်းရှိ အမေရိကန် သူငယ်များ၏ သဘောထားကို သိရှိရန် စစ်တမ်းကောက်ယူ ခဲ့ပါသည်။ နယူးစ်ဝိခ်မဂ္ဂဇင်းမှ ထိုအဖွဲ့၏တွေ့ရှိချက် အပေါ် အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။

ကမ္ဘာကြီးသည် အဓမ္မဆန် ကြမ်းကြုတ်နေ စေကာမူ ကျွန်ုပ်တို့သည် စိုးရိမ်ကြောင့်ကြမှုများဖြင့် နေထိုင်ရန် မလိုပါ။ သမ္မာကျမ်း၌ ယေရှုအား "ငြိမ်သက်ခြင်းအရှင်" (ယေရှာယ ၉း၆)ဟု ဖော်ညွှန်းထားပြီး ထိုအရှင်သည် မိမိကို အားကိုး ဆည်းကပ်သူ အားလုံးကို ငြိမ်သက်ခြင်း ပေးသနားရန် ကတိတော်ပြုထားပါသည်။

"ငြိမ်သက်ခြင်းကို သင်တို့၌ ပါထားခဲ့၏။ ငါ၏ ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့ စိတ်နှလုံး ပူပန်ခြင်း၊ စိုးရိမ် တုန်လှုပ်ခြင်း မရှိစေနှင့်။ (ယော၊ ၁၄း၂၇)

## *ငါမှငါဟူ၍ အတ္တဆန်လွန်းသော မျိုးဆက်ခေတ်*

"မတရားသောအမှုတို့သည် များပြားသဖြင့်အများသော သူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်။ (မသဲ ၂၄း၁၂)

အထက်ပါကျမ်းချက်မှာ ခရစ်တော်က မိမိ ဤကမ္ဘာလောကသို့နောက်တစ်ကြိမ် ပြန်ကြွလာချိန်တွင် လူသားများ၏ စိတ်တွင် အကြင်နာတရား ကင်းမဲ့လျက် ရှိနေမည့် အခြေအနေကို ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။ ဤအကြောင်းနှင့် ဆက်စပ်နေသော အခြားကျမ်းပိုဒ် တစ်ပိုဒ်က – "နောင်ကာလသည် ခဲယဉ်းသော ကာလဖြစ်မည်ဟု သိမှတ်လော့၊ အဘယ်သို့နည်းဟူမူကား လူတို့သည် ကိုယ့်ကိုကိုယ် ချစ်သောသူ၊ ငွေမက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှား စော်ကားသောသူ၊ သန့်ရှင်းခြင်း မရှိသောသူ၊ ပကတိ ကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ကိုဣန္ဒြေကို မချုပ်တီးနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကို မုန်းသောသူ၊ သစ္စာကို ဖျက်တတ်သူ၊ ဘုရားသခင်ကို နှစ်သက်သည်ထက်ကာမ ဂုဏ်ကိုသာ၍ နှစ်သက်သောသူ၊ ဘုရားထံ၌ မွေ့လျော် ယောင်ဆောင်၍၊ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။" (၂တိမောသေ ၃း၁-၄)

ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းဆန်ခြင်း၊ ချစ်ခြင်း မေတ္တာအကြင်နာတရား ကင်းမဲ့ခြင်းစသည်တို့ တစ်နေ့တစ်ခြား တိုးပွားလျက် ရှိနေသည်ကို နေရာတိုင်း၌ တွေ့မြင်ရသဖြင့် စိတ်ဆင်းရဲဖွယ် ကောင်းလှပေသည်။ ဗြိတိန်နိုင်ငံမှ သတင်းစာဖြတ်ပိုင်း တစ်ခုက အောက်ပါစာကြောင်းများသည် နိုင်ငံအတော် များများ၌ ဘာဖြစ်နေကြသည်ကို ထင်ဟပ်လျက် ရှိပေသည်။

မကြာသေးမီက ဆန်းစစ်ချက် တစ်ခုတွင် ဗြိတိန်နိုင်ငံ သားတို့သည် ကိုယ်ကျင့်တရားများ ယိမ်းယိုင်ကျဆင်းလာ ကြပြီး လူများသည် တစ်ကိုယ်ကောင်း ပိုဆန်လာကြကာ အများပြည်သူလူထု အကျိုးကို လိုလား ဆောင်ရွက်ပေးလိုသော စိတ်ဓါတ်များ နည်းပါးသွားသည်ဟု ဖော်ပြထားပါသည်။

## ပျောက်ဆုံးနေသော ကလေးငယ်များ

ကမ္ဘာတစ်ဝန်းလုံးတွင် မိသားစုအရွယ် ပမာဏများ ကျုံ့သွားရခြင်းမှာ နိုင်ငံအတော်များများရှိ အမျိုးသမီးများသည် ကလေးအနည်းငယ်သာ လိုချင်ကြခြင်းကြောင့် ဟုကုလသမဂ္ဂ အဖွဲ့ကြီး၏ လေ့လာမှု တစ်ရပ်က ကောက်ချက် ဆွဲထားပါသည်။ မိသားစု အရွယ်ပမာဏ သေးငယ်သွားစေခြင်းတွင် မကြာသေးမီ နှစ်များအတွင်း ကိုယ်ဝန်ဖျက်ချမှုများ တိုးမြင့်လာခြင်းသည်လည်း အကြောင်းတစ်ခု ဖြစ်ပေသည်။ ခေတ်မီ သန္ဓေသားဆိုင်ရာ ပညာရပ်က လူသား၏ အသက်သည် သန္ဓေတည်စက စတင်ခဲ့ သည်ဟု အထောက်အထားဖြင့် ဖော်ပြထားသော်လည်း၊ ယခု အခါတွင် ကမ္ဘာတစ်ဝန်း၌ မမွေးဖွားသေးသော ကလေးသန်း (၃၀) ၏ဇီဝိန်များချုပ်ငြိမ်းခြင်း ခံရပေသည်။

သမ္မာကျမ်းစာက–

"ထိုမှတပါး အနိုင်အထက် ပြုသည်ကို သင်မတွေ့ အပြစ်မရှိ ဆင်းရဲသားတို့ကို အသေသတ်၍ သွန်းသောအသွေးသည် သင်၏ အဝတ်စွန်း၌ ထင်ရှား၏။" (ယေရမိ ၂း၃၄) ၌ ဖော်ပြထားပါသည်။

"မိမိကလေးငယ် အပေါ်ထားရှိသော မိခင်၏ ချစ်ခြင်းမေတ္တာသည် အမှန်တကယ် စင်ကြယ်ပြီး အမှန်ပင် သဘာဝကျ လှပါသည်။" ဟုယုံကြည် သတ်မှတ်ထားပါသည်။ ရိုက်တာ သတင်းတစ်ရပ်တွင် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများသည် ကလေးများ လျော့နည်း၍ ရှိလာကြကာ ကိုယ်ဝန်ဆောင် မိခင်များ အားလုံးတွင် လေးပုံတစ်ပုံထက် ပိုသော ကိုယ်ဝန်များမှာ ပျက်စီးသွားခြင်းဖြင့် အဆုံးသတ်ရပါသည်။

ယနေ့ အမေရိကန်ပြည်ထောင်စုတွင် ကိုယ်ဝန်ဖျက်ခြင်း နှစ်စဉ် ၁.၆သန်းရှိ၏။ ဆိုလိုသည်မှာ အမေရိကန်ပြည်ထောင်စု၌ နေ့စဉ် မီးမဖွားရသေးသော ကလေးငယ်ပေါင်း ၄၃၀၀ အသတ်ခံ နေရ၏။ အမေရိကန်ပြည်ထောင်စု၏ ၄၆%သော အမျိုးသမီးများသည် အသက်(၄၅)နှစ် အရွယ်မရောက်မီ ကိုယ်ဝန်တစ်ကြိမ် ဖျက်ဆီးကြသည်။

ယခင်ခေတ်ကာလက လူများအနေဖြင့် ဤမျှလောက် ကိုယ်ဝန်ဖျက်ချခြင်းအတွက် အလွန်ထိပ်လန့်မည် ဖြစ်သော်လည်း လက်ရှိ မျိုးဆက်နွယ်ကမူ ဘာမျှ မဖြစ်ကြပေ။ သာမန်ကိစ္စ ရပ်တစ်ခုကဲ့သို့သာ သဘောထားကြပါသည်။ မုန်ပါ၏။နှလုံးသားများ၌ မေတ္တာကင်းမဲ့ပြီး သဘာဝ ချစ်ခင်တွယ်တာမှုများလည်း ညှိုးမှိန်ပပျောက်သွားမည်ဆိုသော နိမိတ်ဖတ် ဟောပြောချက်နှင့် ကိုက်ညီလှပေသည်။

### *သောဒုံနှင့် ဂေါမောရတို့ တစ်ခေတ်ပြန်လည် ဆန်းသစ်ခြင်း*

"ထိုနည်းတူလောတ လက်ထက်၌ လူများတို့သည် စားသောက် ရောင်းဝယ်လျက်၊ စိုက်ပျိုးလျက် ... လူအပေါင်းတို့ကို သုတ်သင် ပယ်ရှင်း သကဲ့သို့၄င်း၊ လူသား ပေါ်ထွန်းသောနေ့၌ ဖြစ်လိမ့်မည်။" (ရှင်လုကာ – ၁၇း၂၈-၃၀)

ယနေ့ မျက်မှောက် ကာလတွင် ခရစ်တော်ယေရှု ကြိုတင် ဟောပြောထားသည့်အတိုင်း တွေ့မြင်ရသော အခြားအကြောင်း အရပ်တစ်ခုမှာ "မေတ္တာစစ်၊ မေတ္တာမှန်" ခေါင်းပါး နေခြင်းဖြစ်ပေသည်။ အချစ်စစ်အချစ်မှန်မဟုတ်ဟု ဆိုရာ၌ ယနေ့လူ့ဘောင် အသိုင်းအဝိုင်းအတွင်း ဖြစ်ပေါ်လက်ခံနေသော မိန်းမလျာများ ဘဝသည်လည်း ပါဝင်ပေသည်။။ မိန်းမလျာကို တစ်နည်းအားဖြင့် ယောကျ်ားခြင်း၊ လိင်တူဆက်ဆံပေါင်းသင်းသူများကို ဆိုလိုပါသည်။ ၄င်း အကျင့်စရိုက်သည် ရှေးဟောင်း ခေတ်ကာလ အပြစ်များ ဖုံးလွှမ်းနေသော သော ဒုံမြို့၌လည်း ဖြစ်ပေါ်ခဲ့ရာ ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာဦးကျမ်း (၁၉း၄-၅)ကို ဖတ်ရှုပါက–"သောဒုံမြို့သား ယောကျ်ားအကြီးအငယ်၊ အရပ်ရပ်ကလာသော သူအပေါင်းတို့သည် အိမ်ကိုဝိုင်း၍ ... ထိုသူတို့နှင့်ငါတို့သည် ဆက်ဆံလိုသည် ဖြစ်၍" ဟုဖော်ပြချက်တွင် လူမျိုးစုခေါင်း

ဆောင်အာပြဲဟံ၏တူဖြစ်သောလောတ၏အိမ်သို့ဧည့်သည်အဖြစ်ရောက်လာကြသောယောကျာ်းကောင်းကင်တမန်များနှင့် ယောကျာ်းခြင်းဆက်ဆံလိုကြပါကြောင်းသောဒုံမြို့သားယောကျာ်း များကသောဒုံမြို့မပျက်စီးမီညကလောတကိုတောင်းဆိုနေကြခြင်း ဖြစ်ပါသည်။ (ကမ္ဘာဦး ၁၉း၄–၅)ယနေ့မျက်မှောက်ခေတ်တွင် တွေ့မြင်နေရသော မိန်းမလျာများ၏ လိင်တူဆက်ဆံခြင်း အပြုအမူများသည်သောဒုံမြို့၌ ဖြစ်ပွားခဲ့သကဲ့သို့ များပြားလျက်ရှိနေပါသည်။

ဤသည်ပင် ခေတ်ကာလဆိုး၏ နိမိတ်များနှင့်အညီ ယောကျာ်းခြင်း ကာမသံဝါသဆက်ဆံခြင်းအပြုအမူမှာကမ္ဘာ တဝန်းအရှိန်အဟုန်ဖြင့်ပျံ့နှံ့လျက်ရှိနေပါသည်။ ယခုအခါ နိုင်ငံအတော်များများက မိန်းမလျာများကိုလိုက်လျောနေကြသည်သာမက အချို့နိုင်ငံများတွင်တွက်ကြွစွာအားပေးလျက်ရှိပေသည်။ မြောက်များလှသော ရုပ်ရှင်ဇာတ်လမ်းများအသုံးသွင်းထားသော တိတ်ခွေများနှင့် ဖျော်ဖြေမှုများပြသ ရောင်းချ ခြင်းဖြင့်မိန်းမလျာများ၏အမူအကျင့်များကိုအားပေးအားမြောက် လျက်ရှိပေသည်။

အမေရိကန်ပြည်ထောင်စုလိင်ကိစ္စ ပညာပေးရေးနှင့်ပြန်ကြားရေးကောင်စီသည် ၁၉၉၂ခုနှစ်က အမေရိကန်ပြည်ထောင်စု အတွင်းရှိနိုင်ငံပိုင်ကျောင်းများတွင်လိင်ကိစ္စနှင့် ပတ်သက်သော အသိပညာဆိုင်ရာလမ်းညွှန်မှုများကိုချမှတ်ပေးခဲ့ပါသည်။ ဤလမ်းညွှန်မှုများကို ချမှတ်ပေးသည့်အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာ ကြီးမားလှသော အများနှင့် မသက်ဆိုင်သည့် ပညာပေးရေးအဖွဲ့ကိုယ်တိုင်ကပင် ယခုအခါ၌မည်သို့သော သင့်တော်လျောက်ပတ်သည့်လိင်ကိစ္စမျိုးပင်ဖြစ်စေ၊ မည်သို့သော မိသားစုပုံစံမျိုးပင်ဖြစ်စေ၊ တစ်ခုနှင့်တစ်ခုအကျင့်သိက္ခာပိုင်းဆိုင်ရာတွင်တစ်ခုထက်တစ်ခုသာလွန်မြင့်မြတ်ခြင်းမရှိကြောင်းကိုသင်ကြားပြသနေပေသည်။ ဤကဲ့သို့အမေရိကန်ပြည်ရှိကလေးသူငယ်များအားလိင်တူဆက်ဆံခြင်းကိုနှစ်သက်လက်ခံလာစေရန်အတွက်ဆောင်ရွက်သင်ကြားနေသည့်ခြေလှမ်းအားအမေရိကန်ဆရာဝန်များအသင်း၏သဘောတူထောက်ခံချက်ကိုရရှိပေသည်။

အောက်ပါသတင်းဖြတ်ပိုင်း များသည်ကျွန်ုပ်တို့အသက်ရှင်နေသောကာလသည်“လောတအသက်ရှင်စဉ်အချိန်အခါကဲ့သို့” အခြေအနေမျိုး၌ အမှန်ပင်ရှိနေကြောင်းသရုပ်ဖော်ပြသနေပေသည်။

## ကမ္ဘာအနှံ့ရောက်နေသောသတင်းကောင်း

“လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည့်အကြောင်း၊
နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို
လောကီအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်၊
သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့။ (မဿဲ ၁၄း၁၉)

**စစ်**မက်ဖြစ်ပွားခြင်းများ၊ ငတ်မွတ်ခေါင်းပါးခြင်းများ၊ရောဂါဝေဒနာ၊ ကပ်ဘေးဆိုက်ခြင်းများ၊ မြေငလျင်လှုပ်ခြင်းများ အစရှိသည်တို့ကဲ့သို့ လက္ခဏာသည်ကား ဝမ်းနည်းကြေကွဲခြင်း များကို ဖော်ညွှန်းချက်သက်သက်မဟုတ်ဘဲ နိဂုံးကာလအစစ် အမှန်ကို ဖော်ညွှန်းသည့် တိကျသောနိမိတ်တစ်ခုသာ ဖြစ်ပေသည်။ ၄င်းတိကျသောနိမိတ်သည်ကား “ခရစ်တော်၏ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်း”ဟူသော ဤလောကသို့ခရစ်တော်တစ်ဖန်ပြန်လည်ကြွလာမည့်အကြောင်းပင်ဖြစ်ပါသည်။

“ခရစ်ယာန်လောကနှစ်ချုပ်မှတ်တမ်း”စာအုပ်၏ဖော်ပြချက်အရ ယခုအခါနိုင်ငံတိုင်း၌ ခရစ်ယာန်များနှင့်ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ ပေါ်ပေါက်လျက်ရှိနေသည်။ဤနိုင်ငံ များအတွင်းရှိ လူဦးရေ ၄ကုဋေကျော်တို့အားဧဝံဂေလိတရား ကိုဟောကြားခဲ့ပြီးဖြစ်ပါသည်။ သမ္မာကျမ်းစာအုပ်သန်း ၅၀ သာမက ဓမ္မသစ်ကျမ်းစာအုပ်သန်း၈၀ကို နိုင်ငံတိုင်း၌ဖြန့်ဝေ ထားပြီးဖြစ်သည်။ ဧဝံဂေလိတရားတော်နှင့် ပါတ်သက်သော စာရွက်စာတမ်းပေါင်း ၄ကုဋေအား နှစ်စဉ်ရိုက်နှိပ်ထုတ်ဝေလျက်ရှိပါသည်။

သမ္မာကျမ်းစာတစ်အုပ်လုံး၊ သို့မဟုတ်တစ်စိတ်တစ်ပိုင်း အားကမ္ဘာ့လူဦးရေ၏ ၉၈%အတွက်ရရှိနိုင်ပေပြီ။ထိုသမ္မာကျမ်း စာအုပ်နှင့်အစိတ်အပိုင်းများမှာ အပြည့်အဝဖြစ်စေ၊ တစ်ချို့တစ် ဝက်ဖြစ်စေသော်၄င်း၊ ဘာသာစကား ၂၀၉၂မျိုးသို့ဘာသာပြန် ဆိုထားပြီးဖြစ်ပါသည်။

အခြားခရစ်ယာန် စာအပေများသည်လည်း တိုးပွား လာလျက်ရှိနေပေပြီ။ နှစ်စဉ်စာပုံနှိပ်တိုက်များနှင့် စာအုပ်ထုတ် ဝေသူပေါင်း၁၅၀၀တို့သည်ခရစ်ယာန်စာပေနှင့်ပတ်သက်သော စာအုပ် ၃ကုဋေပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။ ဧဝံဂေလိတရား တော်အားခရစ်ယာန်ရေဒီယိုနှင့်ရုပ်မြင်သံကြား၌ာနပေါင်း ၂၁၆၀မှနေ၍ဟောပြောပေးနေပြီး ဘာသာရေးပြဇာတ်ထောင်ပေါင်း များစွာကိုလောကီရေးရာရေဒီယိုနှင့်ရုပ်မြင်သံကြား၌ာနများကလည်း ထုတ်လွှင့်ပြသလျက်ရှိသည်။

ကမ္ဘာ့သမိုင်းတစ်လျောက်လုံးတွင်ယခုအချိန်ကာလလောက်ဧဝံဂေလိတရားတော်အားတစ်ကမ္ဘာလုံးသို့တိုင်းနိုင်ငံများအားလုံးသို့ဟောပြောသက်သေခံခဲ့ခြင်းများမရှိခဲ့ပေ။ သာသနာပြုများကိုယ်တိုင် ဟောပြောခြင်းမဟုတ်သည့်တိုင်–ခေတ်မီဆက်သွယ်ရေးနည်းလမ်းများဖြစ်သောရေဒီယိုရုပ်မြင်သံကြားနှင့်ကြေးနန်း ဆက်သွယ်ရေးစနစ်များဖြင့် ဟောပြောပို့ချနိုင်ပါသည်။ ဤ အချက်သည်ပင် တိကျပြတ်သားသော ခရစ်တော်၏နိမိတ် ဟောကြားချက်နှင့် အညီကျွန်ုပ်တို့သည် နောက်ဆုံးနေ့ကာလ သို့ရောက်ရှိနေပြီဖြစ်ကြောင်းကို ပြသလျက်ရှိ၏။

## ကမ္ဘာတစ်ဝန်း ကူးလူးသွားလာ နေကြသူများ

“လူတို့သည် ခေါက်တုံ့ခေါက်ပြန် သွားလာနေကြလိမ့်မည်” (ဒံယေလ ၁၂း၄)

ကမ္ဘာ့နိုင်ငံတိုင်းသို့ ဧဝံဂေလိ တရားတော် ပျံ့နှံ့ရောက်ရှိ နိုင်အောင် ဖန်တီးပေးနေသော ခေတ်မီ သယ်ယူပို့ဆောင်ရေးနှင့်၊ ဆက်သွယ်ရေးများကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့လောက၏ နောက်ဆုံးနေ့ရက်များ၏ အခြေအနေနှင့် ပတ်သက်၍ တိကျသည့် နိမိတ်ဟောပြောချက်ကို သတိပြုမိပေမည်။ သက္ကရာဇ်ဘီစီ၅၃၄တွင် ပရောဖက် ဒံယေလသည် ထူးခြားသော နိမိတ်ရူပါရုံတစ်ခု ဖွင့်ဟထုတ်ပြန်ခြင်းကို ရရှိ ခံစားရပါသည်။ ထိုနောက် ဘုရားသခင်က ဒံယေလအား ထိုနိမိတ်အား နားမလည်နိုင်ခြင်းအတွက် ပူပင်သောကမရှိရန်နှင့် ထိုဗျာဒိတ်သည်

မိမိအားပေးအပ်လိုက်ခြင်းဖြစ်သော်လည်း မိမိအတွက်မဟုတ်ကြောင်း ပြောကြားပါသည်။ ဒံယေလ၏စာအုပ်ကို ဖွင့်လှစ် လေ့လာခဲ့သည်မှာ မကြာသေးမီ နှစ်ကာလလေးများ အတွင်းကသာ ဖြစ်ပါသည်။ ဘုရားသခင်က ဒံယေလအား "သင်ဒံယေလမူကား-အမှုကုန်ရသည့် ကာလတိုင်အောင် ဤစကားတော်တို့ကို ပိတ်၍ စာစောင်ကို တံဆိပ်ခတ်ထားလော့။ အများသောသူတို့သည် ထိုစာကို ကြည့်ရှုခြင်းအားဖြင့် ပညာတိုးပွား လိမ့်မည်ဟု ပြောဆို၏။ (ဒံယေလ ၁၂း၄)

ခေါက်တုံ့ခေါက်ပြန် ရောက်တတ်ရာရာ ပြေးလွှားနေခြင်းကို အသက်ရှင်နေသော သမ္မာကျမ်းစာက "ခရီးသွားလာခြင်းများ လွန်စွာများပြားလာလေမည်။" ဟု အဓိပ္ပာယ် သက်ရောက်ချက်ဖြင့် ဖော်ပြထားပါသည်။ လူသားများအတွက် သယ်ယူပို့ဆောင်ရေး များသည်မြင်း၊ ဗာဂီရထား၊ ရထားလုံး၊ ကုလားအုပ်နှင့် ရွက်လှေ အစရှိသော အရာများ ဖြစ်ခဲ့ကြပါသည်။ ထိုအခြေအနေကို စဉ်းစားဆင်ခြင်ကြည့်ပါက ပို့ဆောင်ဆက်သွယ်ရေးသည် နှစ်ထောင်ပေါင်း များစွာအတွင်း သိသိသာသာ ပြောင်းလဲ တိုးတက်ခြင်း မရှိကြောင်း သိရှိနိုင်ပါသည်။ ထိုသို့သော အခြေအနေ ရှိခဲ့ခြင်းကြောင့် ဒံယေလ ရရှိခဲ့သော နိမိတ်သည် အလွန်အရေးပါလှကြောင်း အလေးအနက် ပြောကြား နိုင်ပေသည်။

## *အံ့ခမန်း ဆန်းကြယ်လောက်သော လျင်မြန်မှုများ*

၁၇၈၉-ခုနှစ်တွင် ဂျော့ဝါရှင်တန်သည် သမ္မတကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ တက်ရောက်ရန် အတွက် မိမိနေထိုင်ရာမြို့နှင့် မိုင်(၂၀၀) ကွာဝေးသော နယူးယောက်မြို့သို့ သွားရောက်ရန် (၈)ရက်ကြာခဲ့ပါသည်။ (၈)ရက်ကြာမြင့်ရသည် ဟူသောအချက်သည် အရေးပါ လှသည်မဟုတ်၊ မှတ်သားထိုက်သော အချက်သည်ကား- ဂျူးလီ ယက်ဆီဇာသည်လည်း သက္ကရာဇ်ဘီစီ ၅၀က ဂျော့ဝါရှင်တန် သွားခဲ့သော မိုင် ၂၀၀ခရီးမျိုးကို ထိုနည်းအတိုင်းပင် လျင်မြန်စွာ သွားလာနိုင်ခဲ့ပေမည်။ ဂျူးလီယက်ဆီဇာနှင့် ဂျော့ဝါရှင်တန် အသက်ရှင်ခဲ့ကြသည့် ရာစုနှစ်ပေါင်းများစွာ အတွင်း၌ ပို့ဆောင် ဆက်သွယ်ရေးမှာ သိသိသာသာ တိုးတက် ကောင်းမွန်လာခြင်း မရှိခဲ့ပေ။ သို့သော် ကုန်လွန်ခဲ့သော ရာစုနှစ်အတွင်း၌ လူသားတို့၏ လမ်းပန်းဆက်သွယ်ရေးသည် သိသိသာသာတိုးတက် ကောင်းမွန်လာအောင် ဖန်တီးဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိ ရပါသည်။

ယနေ့အချိန်ကာလတွင် ကျွန်ုပ်တို့သည် လျင်မြန်လှသော အရှိန်နှုန်းများဖြင့် ခရီးအကွာအဝေးမိုင်ပေါင်း များစွာ မော်တော်ကား ဖြင့် မောင်းနှင် သွားလာ နိုင်ပါသည်။ သို့သော် ဂျက်လေယာဉ် တစ်စီးသည် ၂၄နာရီအတွင်း ကမ္ဘာကို တစ်ပတ်ပတ်နိုင်ပြီး၊ အာကာသယာဉ် တစ်စီးသည် ကျွန်ုပ်တို့ နေထိုင်သော ဂြိုဟ်ကြီးအား မိနစ်(၉၀)အတွင်း ပတ်နိုင်ပေပြီ။

## *ခရီးသွားရောဂါ*

ယနေ့ ခရီးသွားလာနေကြသော ခရီးသည်များ ဦးရေသည် ယခင်က လုံးဝ(လုံးဝ) မကြုံဖူးခဲ့သော အရေအတွက်သို့ ရောက်ရှိနေပါသည်။ စင်္ကာပူနိုင်ငံတွင် ၁၉၉၅-ခုနှစ်၌ ကျင်းပသော ကမ္ဘာ့ခရီးသွားနှင့် လှည့်လည်သွားလာရေး ကောင်စီသည် နှစ်စဉ် ကျင်းပပြုလုပ်သော အစည်းအဝေး ကျင်းပခဲ့ရာ ထိုအစည်းအဝေးသို့ ခရီးသွားလုပ်ငန်းများမှ အမှုဆောင်အရာရှိများ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၌ အမှုဆောင် အရာရှိတစ်ဦးလည်း ဖြစ်စီးပွားရေး လုပ်ငန်းများအပေါ် ကြိုတင်ခန့်မှန်းသူလည်းဖြစ်၊ "လမ်းသန်းပေါင်းများစွာ သက္ကရာဇ် ၂၀၀၀မှာ" အမည်ရှိသော စာအုပ်ကိုရေးသားသူ ဂျွန်နေးစ်ဘတ်က-ကမ္ဘာ့အကြီးဆုံးလုပ်ငန်းဖြစ်သော ခရီးသွားလုပ်ငန်းသည် လူတို့အားခေါက်တုံ့ခေါက်ပြန်သွားလာနိုင်ရန် အတွက်အထောက်အကူပြုနေကြောင်းအလေးထားပြောကြားခဲ့ပါသည်။ ၎င်းက "ခရီးသွားနှင့် ကမ္ဘာ့လှည့်လည်သွားလာရေးလုပ်ငန်းသည် ကမ္ဘာ့ပေါ်၌ အကြီးဆုံးနှင့်သွက်လက်ချက်ချာမှု အရှိဆုံးလုပ်ငန်းတစ်ခု ဖြစ်ကြောင်း ပြောကြားပါသည်။ ဤခရီးသွားနှင့် ကမ္ဘာ့လှည့်လည်သွားလာရေး လုပ်ငန်းသည်ပြန်ကြားရေး၊ နည်းပညာနှင့် ကြေးနန်းဆက်သွယ်ရေးတည်းဟူသော သာလွန်ထူးကဲလှသည့် လုပ်ငန်းကြီးသုံးရပ်နှင့်အတူလာမည့်ရာစုနှစ်၏ စီးပွားရေးတွင် ယှဉ်တွဲတိုးတက်သောသာလွန်ထူးကဲသည့် လုပ်ငန်းတစ်ခုဖြစ်ပေမည်" ဟူ၍ပြောကြားခဲ့ပါသည်။ ၎င်းကဆက်လက်၍ "ယခုနှစ်တွင်ခရီးသွားနှင့်ကမ္ဘာ့လှည့်လည်သွားလာရေးလုပ်ငန်း အနေဖြင့် ဝင်ငွေစုစုပေါင်းအမေရိကန်ဒေါ်လာ ၃.၄ကုဋေရရှိစေမည်ဟု ကြိုတင်ခန့်မှန်းပါသည်။ ဤဝင်ငွေပမာဏသည် တစ်ကမ္ဘာလုံး၏စီးပွားရေးလုပ်ငန်းများမှဝင်ငွေ၊ စားသုံးသူများသုံးစွဲမှု တန်ဖိုးနှင့် ရင်းနှီးမြုပ်နှံမှု တန်ဖိုးစုစုပေါင်း၏ တစ်ဆယ်ရာခိုင်နှုန်းရှိပေသည်။" ဟုပြောကြားခဲ့ပါသည်။ နိုင်ငံတကာလေကြောင်းပို့ဆောင်ရေး အသင်း (အိုင်အေတီအေ) အသင်းဝင်းကုမ္ပဏီများမှ လေယာဉ်များသည် ခရီးသည်စုစုပေါင်း ၁.၂ကုဋေကို ၁၉၉၅ခုနှစ်အတွင်း၌ သယ်ယူပို့ဆောင်ပေးခဲ့ရာ ၎င်းကိန်းဂဏန်းသည်တစ်ကမ္ဘာလုံး ရှိလူဦးရေအရ လူငါးယောက်လျှင်တစ်ယောက်မှာခရီးသွားနေ သည့်အချိုးနှင့် ညီမျှလေသည်ဟု ပြောကြားခဲ့ပါသည်။

စပိန်နိုင်ငံမဲဒရစ်မြို့တွင်အခြေချထားသောကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က ကမ္ဘာ့အနှံ့လက်ရှိ ခရီးသွားလာနေသည့်ကိန်း ဂဏန်းအတိုင်း ဆက်လက်တက်လှမ်းနေပါကသက္ကရာဇ်၂၀၂၀တွင်လက်ရှိအရေအတွက်၏ နှစ်ဆဖြစ်သွားမည်ဟုခန့်မှန်းနေ ပါသည်။ ထိုအဖွဲ့၏အထွေထွေအတွင်းရေးမှုးချုပ် အန်တိုနီ ယိုစာဗီနက်က "သက္ကရာဇ်၂၀၁၀တွင် နိုင်ငံတကာခရီးသွားလာရောက်သူဦးရေ တစ်ကုဋေနီးပါးရှိပေမည်။ သို့သော်ထိုမျှော်လင့်ရသော အရေအတွက်သည်၊ ရေခဲတောင်၏ထိပ်စွန်း ပိုင်းလောက်မျှသာ-အစွန်းထွက် ကိန်းဂဏန်းမျှသာလျှင် ဖြစ်ပါသည်။ ပြည်တွင်းခရီးသွားလာရေးလုပ်ငန်းတွင် မိမိနိုင်ငံအတွင်း၌ပင်လှည့်လည်သွားလာမှုသည်ယခုထက်(၁၀)ဆပို နေပေမည်" ဟုပြောကြားခဲ့ပါသည်။

မျက်မှောက်ကာလတွင် လူအများအပြား အထူးသဖြင့် လူငယ်လူရွယ်များတို့သည် ဝေးလံသောဒေသများသို့ခရီးသွားလာကြခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ ဤသူသည်မိမိတို့ နိုင်ငံအပေါ် သို့မဟုတ်မိမိတို့၏ယဉ်ကျေးမှုနှင့်ကိုးကွယ်သည့် ဘာသာတရားအပေါ် ကျေနပ်မှုမရှိကြသောကြောင့် ဖြေရှင်းရန် နည်းလမ်းနှင့် အဖြေများကို အခြားတစ်နေရာသို့ သွားရောက် ရှာဖွေကြခြင်းပင်ဖြစ်ပေသည်။ အမှန်တရားကိုရှာဖွေနေသူများနှင့် ဘုရားဖူးသွားလာကြသူများကိုကြည့်ခြင်းအားဖြင့် ကမ္ဘာမြေကြီး၏ နောက်ဆုံးနေ့ရက်များနှင့် ပတ်သက်၍ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်အာမုတ်၏ နိမိတ်ဟောကြားချက်ကို သတိရဆင်ခြင်မိ ပါသည်။ ပရောဖက်အာမုတ်က "အရှင်ထာဝရဘုရား မိန့်တော် မူသည်ကား၊ မွတ်သိပ်ခြင်းဘေးကိုတစ်ပြည်လုံး၌ ငါဖြစ်စေသော ကာလရောက်လိမ့်မည်။ အစာခေါင်းပါး၍ မွတ်သိပ်ခြင်းဘေး မဟုတ်၊ ထာဝရဘုရား၏အမိန့်တော်ကိုမကြားရသော မွတ်သိပ်ခြင်း ဘေးဖြစ်လိမ့်မည်။ လူတို့သည် ထာဝရဘုရား၏ အမိန့်တော်ကို ရှာလျက် ပင်လယ်တစ်ပါးမှသည် ပင်လယ်တစ်ပါး တိုင်အောင် လှည့်လည် ၍တောင်မြောက်ပြေးသွားကြသော်လည်းမတွေ့ရကြ။ (အာမုတ် ၈း၁၁-၁၂)ဟုဖော်ပြထားပါသည်။ ကမ္ဘာသမိုင်းတစ်လျှောက်လုံးတွင်မျက်မှောက်ခေတ်ကာလလောက် ကုဋေကုဋာနှင့်ချီ၍ လူတို့သည် အလွန်ဝေးလံလှ သောနေရာများသို့ အလွန်လျင်မြန်သောနှုန်းများဖြင့် အကြိမ် ပေါင်းမြောက်များစွာ ခရီးသွားလာခြင်းမျိုး မရှိခဲ့ပါ။ ဘုရား သခင်မိန့်တော်မူသည့်

အတိုင်းကပ်ကမ္ဘာကုန်ဆုံးနေသော ကာလ၌ လူတို့သည် ခေါက်တုံ့ခေါက်ပြန် သွားလာနေကြသည်မှာ အမှန်ပင်ဖြစ်နေတော့၏။

## ကမ္ဘာတစ်ဝန်းအဆမတန်ပျံ့နှံ့နေသော

## သတင်းအကြောင်းရင်းများ

"......အများသောသူတို့သည်ထိုစာကိုကြည့်ရှုသောအားဖြင့်ပညာတိုးပွားလိမ့်မည်ဟုပြောဆို၏။" (ဒံယေလ ၁၂း၄)

မကြာသေးမီသော နှစ်ကာလအတွင်းက "သတင်းအချက် အလက်မတန်တဆ စုပုံခြင်း" ဟူသောဝေါဟာရကို တီထွင်ပြောဆိုရေးသားနေကြခြင်း၌ ကောင်းသောရည်ရွယ်ချက်အပေါ် အရင်းခံပေသည်။ ကျွန်ုပ်တို့မျိုးဆက်သက်တမ်း၌ အသိပညာ အတတ်ပညာတိုးပွားမှုသည် မစဉ်းစားတတ်လောက်အောင် ပင်တိုးတက် များပြားလျက် ရှိပေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ အောက်ပါအချက်အလက် အနည်းငယ်တို့သည် အံ့အားသင့်ဖွယ်ရာများဖြစ်ပေသည်။

ပေါ်ပေါက်ခဲ့သော သိပ္ပံပညာရှင်များ အားလုံးအနက် ၈၀%သည် ယနေ့တိုင်အသက်ထင်ရှား လျက်ပင်ရှိသေး၏။ ဤသိပ္ပံပညာရှင်များသည်လူသားတို့သိပ္ပံပညာတိုးပွားရေးအတွက်တစ်မိနစ်တိုင်းတွင်အကြောင်းအရာသစ်များစာမျက်နှာအားဖြင့် ၂၀၀၀ရှိသောအသိပညာများကိုပေးလျက်ရှိ၏။ သို့ဆိုပါလျှင် ၂၄နာရီကြာတိုင်း ဤသိပ္ပံပညာရှင်များတွေ့ရှိ ထုတ်ဖော်သော အကြောင်းအရာများကို ဖတ်ရှုမည် ဆိုပါက လူတစ်ယောက်အတွက်(၅)နှစ်ကြာအချိန်ယူရပေမည်။

နေ့စဉ်နေ့တိုင်းစာမျက်နှာသန်း(၃၀၀)နှင့်ညီမျှသောစာ မူများအင်တာနက်မှတဆင့်ပေးပို့လျက်ရှိပေသည်။ တစ်ကြိမ်က အမေရိကန်ဆရာဝန်များ အသင်း၏ဥက္ကဋ္ဌ ဖြစ်ခဲ့သူ ဒေါက်တာမာလ်ကွမ်တော့ကဆေးဝါးပညာများသည် ၁၀–နှစ်ကြာမြင့်လာတိုင်း ခေတ်နောက်ကျသွားသည်ဟု ပြောဆိုခဲ့ပါသည်။

နှစ်စဉ်သိပ္ပံဂျာနယ်စာအုပ်များ ၁၅၀၀၀ပုံနှိပ်ထုတ်ဝေပြီး စာအုပ် ၁၀၀၀ကျော် နေ့စဉ်ထုတ်ဝေလျက်ရှိကြောင်း ခန့်မှန်းထားပါသည်။

၁၉၇၀ခုနှစ်က အာကာသအတွင်းအပိုလိုအာကာသယာဉ် အမှတ်(၁၃)ပျောက်ဆုံးခဲ့စဉ်ကအမေရိကန်ပြည်ထောင်စုလေယာဉ်ပျံသန်းမှုနှင့်အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ)မှ ကွန်ပျူတာ များထိုအာကာသယာဉ်၏လမ်းကြောင်းပေါ်သို့ပြန်တည့်မတ်ပေးရန်မိနစ်(၉၀)ကြာရှာဖွေဆောင်ရွက်ခဲ့ပါသည်။ ဤထူးခြားလှသောဆောင်ရွက်ချက်ကို စာရွက်/ခဲတန်များဖြင့်သာသိပ္ပံပညာရှင်တစ်ဦးကလုပ်ကိုင်နေမည်ဆိုပါက နှစ်ပေါင်းတစ်သန်းကျော်ကြာမြင့်သည်အထိဆောင်ရွက်မှပြီးစီးနိုင်မည်ဖြစ်သည်။

ကွန်ပျူတာနည်းပညာ၏ အခြေခံအကျဆုံး တီထွင်အောင်မြင်မှုသည် ၁၉၄၈ခုနှစ်က ဘဲလ်ဓါတ်ခွဲခန်း၌တီထွင် ထုတ်လုပ်ခဲ့သော ထရန်စစ်တာပင်ဖြစ်သည်။ ၁၉၉၄ခုနှစ်၌ ကွန်ပျူတာတချပ်သည်ထရန်စစ်တာ၃.၁သန်းကိုထိန်းချုပ်နိုင်ပြီး ၎င်းအရေအတွက်ပမာဏမှာယခင်နှစ်ကပြုလုပ်သောကွန်ပျူတာ ပုံစံမှထိန်းချုပ်နိုင်သည်ထက်(၂)ဆသာလွန်ပေသည်။ ၁၉၉၆–ခုနှစ်တွင် နည်းပညာသစ်ကြောင့် လူသားဆံချည်၏ ၁/၆၀၀ အပုံထက်သေးငယ်သောထရန်စစ်တာ၁၂၅သန်း–ကိုကွန်ပျူတာ အချပ်တချပ်တည်းတွင် ထည့်သွင်းနိုင်ခဲ့ပေသည်။ သက္ကရာဇ် ၂၀၀၀တွင်ကွန်ပျူတာတစ်ချပ်တွင်ထရန်စစ်တာတစ်ကုဋေပါဝင်သော ကွန်ပျူတာအချပ်များရနိုင်ပေတော့မည်။

မကြာသေးမီကတိုးတက်နေသောကွန်ပျူတာနည်းပညာရပ်များနှင့်ပတ်သက်၍ဝေဖန်ပြောကြားခဲ့ရာတွင်ဗြိတိသျှကြေးနန်းဆက်သွယ်ရေးဆိုင်ရာ ဓါတ်ခွဲခန်းများ၏ အဆင့်မြင့်အသုံးချဌာနမှဒေါက်တာပီတာကော့ကရိန်းက "ယခုအခါတွင်လက်ပတ်နာရီများသည် ၇၀ပြည့်လွန်နှစ်များအတွင်းကအချို့သောနာရီများ ထက် ကွန်ပျူတာစွမ်းရည်များ ပိုမိုပါရှိနေပါသည်။ ယနေ့ သာမန်မော်တော်ယာဉ်များသည် နှစ်ပေါင်း(၃၀)ခန့်ကလပေါ် ဆင်းသက်ခဲ့သောမော်တော်ယာဉ်ထက်"ဉာဏ်ကောင်းအကင်းပါး" ပေသည်ဟုပြောကြားခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များအရလူသား၏အသိဉာဏ်သည် မျက်မှောက်ခေတ်ကာလတွင်ရှစ်နှစ်ကြာတိုင်းနှစ်ဆနီးနီးတိုးပွားလာကြောင်းသိရှိရပါသည်။ စာရေးဆရာ အိပ်ချ်အယ်လ်ဝီးလ် မင်တန်က "ယနေ့မွေးဖွားလာသော ကလေးတစ်ယောက်သည် တက္ကသိုလ်မှဘွဲ့ရရှိလာသောအခါကမ္ဘာ့အသိဉာဏ်ပညာသည် လေးဆတိုးတက်လာပေမည်။ ထိုကလေးသည်အသက်ငါးဆယ် ပြည့်သွားသောအခါ ကမ္ဘာ့လူသားများ၏ အသိဉာဏ်(၃၂)ဆပွားများသွားပေမည်။ ကမ္ဘာပေါ်ရှိအသိပညာဟူသမျှ၏၉၇% ကိုထိုကလေးမွေးဖွားစဉ်ကပင် သင်ယူမှတ်သားပြီးသားဖြစ်နေပါမည်" ဟုဆိုသည်။

ကျွန်ုပ်တို့သည်သိပ္ပံနှင့်နည်းပညာရပ်ကဏ္ဍတွင်ထိပ်လန့် အံ့ဩဖွယ်ရာ ကောင်းသော ခြေလှမ်းများဖြင့် အောင်မြင်စွာ ရှေ့သို့လှမ်းတက်စေနိုင်ကာမူ ကျွန်ုပ်တို့၏ရှေ့ကနေထိုင်သွား ကြသောသူများထက် စိတ်ပြည့်စုံကျေနပ်မှုနှင့် ပျော်ရွှင်မှုများ ကောရရှိပါရဲ့လား။ ကျွန်ုပ်တို့၏ အသိပညာများသည် ပြတ်သား စွာတိုးပွားလျက်ရှိပေသည်။ သို့သော်ကျွန်ုပ်တို့တတ်မြောက်ထား သောသိပ္ပံပညာရပ်နှင့်ဆိုင်သော ပညာ၊ပါရမီတို့ကိုဆုံးရှုံးပျက်စီး မှုကြီးများကိုဖြစ်ပေါ်လာစေမည့်၏စစ်မက်ကိရိယာနှင့်လက်နက် ခဲယမ်း မီးကျောက်များအတွက် ဖြုန်းတီးလျှက်ရှိနေကြပါသည်။ အဆင့်မြင့် နည်းပညာကြောင့် ဖြစ်ပေါ်လာသော အထွေထွေ ကိရိယာပစ္စည်းများနှင့် ဇိမ်ခံပစ္စည်းများအတွက် ကျွန်ုပ်တို့ရရှိ သုံးစွဲနေထိုင်ကြသော လူသားအချင်းချင်းတို့မှာငတ်မွတ်ခေါင်းပါး မှု အတွင်း၌ ဆာလောင်မွတ်သိပ်လျက် ခိုကိုးရာမဲ့ဘဝများ၌ ရှိနေကြပါသည်။

"တိုင်းမ်စ်"မဂ္ဂဇင်းက ၎င်း၏၁၉၉၅–ခုနှစ်မျက်နှာဖုံးပါ အကြောင်းအရာတွင် "စိတ်ပျက်ဝမ်းနည်းမှုများ ပြောင်းလဲ တိုးပွားခြင်း" ဟူသောခေါင်းစဉ်ဖြင့် အမှန်တရားကိုထုတ်ဖော်ခဲ့ပေသည်။

နှလုံးသားများဟာလာဟင်းလင်းနှင့်စိတ်တည်ငြိမ်သက်ခြင်းကင်းမဲ့နေပါက အသိပညာများပြည့်စုံကြွယ်ဝနေစေကာမူ အဓိပ္ပါယ်ကင်းမဲ့သောဘဝ၌ အသက်ရှင်နေခြင်းသာဖြစ်ပေလိမ့်မည်။

# နတ်ဆိုးကြီးအပေါ် ကိုယ်ချင်းစာနာမိခြင်း

"ဝိဉာဉ်တော်သည် အတည့်အလင်းဖျာဒိတ်ထားတော်မူ သည်ကား၊ နောင်ကာလ၌ ဩတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်း ကိုခံပြီးလျှင် မုသားစကားကိုပြောတတ်သောသူတို့၏ လျှို့ဝှက်ခြင်းအားဖြင့်လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍လှည့်ဖြားတတ်သော စိတ်ဝိဉာဉ်တို့၌၎င်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သောဩဝါဒတို့၌၎င်းမှီဝဲဆည်းကပ်ကြလိမ့်မည်။" (၁တိ၊ ၄း၁-၂)

ကမ္ဘာမြေကြီး၏ နောက်ဆုံးကာလများနှင့်ပတ်သက်၍ တင်ကြိုဟောပြောထားချက်များ၌ယနေ့ကမ္ဘာပေါ်တွင်တွေ့မြင်နေရသောမှော်အတတ်၊ စိတ်နှင့်စပ်ဆိုင်သောထူးခြားသော အဖြစ်အပျက်များ၊ ဝိညဉ်နှင့်သက်ဆိုင်သော အယူဝါဒ၊ နတ် ဝိဇ္ဇာများကိုကိုးကွယ်သော အယူဝါဒများနှင့်စုန်းကဝေပညာများ ကိုလူတို့က စိတ်ပါဝင်စားမှုဖြင့်တက်ကြွစွာလိုက်စားကိုးကွယ်နေကြမည်ကိုတိကျစွာဖော်ပြထားပါသည်။

ယေရှု၏ သွန်သင်ဟောပြောချက်တွင် သူ၏တစ်ဖန်ကြွလာတော်မူခြင်း၏ရှေ့ပြေးအဖြစ်နိမိတ်များအကြောင်းကိုဟောပြောခဲ့ပါသည်။ မိမိ၏တပည့်တော်များအားမြောက်မြားလှစွာသော ပရောဟိတ်အတုအယောင်များသည်ကမ္ဘာ့မြင်ကွင်းတွင်ပေါ်ပေါက်လာပြီးကြီးမားလှသောနောက်လိုက်နောက်ပါများကို ဆွဲဆောင်နိုင်စွမ်းရှိပေမည်။ "မိစ္ဆာပရောဖက်အများတို့သည် ပေါ်လာ၍လူအများတို့ကိုလှည့်စားဖြားယောင်းကြလိမ့်မည်။" (မဿဲ ၂၄း၁၁) ဟုမိန့်မှာခဲ့ပါသည်။

သမ္မာကျမ်းစာကလူတို့သည် ဘုရားသခင်၏ မှန်ကန်ခြင်းတရားကို တမင်သက်သက် ငြင်းပယ်ပါက ပျက်စီးခြင်းသို့ ရောက်သောသူတို့တွင် မတရားသော လှည့်ဖြားခြင်းအမျိုးမျိုးနှင့်လာလိမ့်မည်။ အကြောင်းမူကား ထိုသူတို့သည် ကယ်တင် ခြင်းသို့ ရောက်အံ့သောငှါ သမ္မာတရား၌ မွေ့လျော်သောစိတ် ကိုမခံယူကြ။ ထို့ကြောင့်သမ္မတရားကိုမယုံဘဲ၊ မတရားသော အမှု၌ မွေ့လျော်သောသူအပေါင်းတို့သည် တရားရှုံးခြင်းသို့ ရောက်မည်အကြောင်း" မုသားစကားကို ယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင် အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် လွှတ်တော်မူလိမ့်မည်။(၂သက်၊ ၂း၁၀-၁၁)ဟူ၍သမ္မကျမ်းစာ၌ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် အမှန်တရားကိုငြင်းပယ် ပါက အမှားကိုယုံကြည်ရန်သာ ကျန်တော့သည်။ ထို့ကြောင့် ယနေ့ကာလ၌ ကမ္ဘာပေါ်တွင်လူလိမ်များနှင့် ပရောဟိတ်အတု အယောင်များသည် များစွာအခွင့်အလမ်းပွင့်လျက်ရှိနေကြသည် ကိုတွေ့ရပေမည်။ စစ်မှန်သောယုံကြည်မှုကိုစွန့်ပယ်ခြင်းသည် လှည့်ဖြားလိမ်လည်သော နတ်ဆိုးသရဲများ၏သင်ကြားပြသမှု ကိုလိုက်နာသည့်ရှေ့ပြေးသဘောပင်ဖြစ်ပါသည်။

အမှန်အားဖြင့်မာရ်နတ်သည်မိမိကိုယ်ကိုဆိုးသွမ်းယုတ်ညံ့သော၊ ဖျက်ဆီးတတ်သော ဝိညဉ်သတ္တိရှိသူတစ်ယောက်အဖြစ်အစဉ် ထုတ်ဖော်ပြသနေခြင်းမဟုတ်ပါ။ ဆန့်ကျင်လျက်ရှိ နေပါသည်မာရ်နတ်နှင့်၎င်း၏နောက်လိုက်ကိုယ်စားလှယ်များ ကမိမိတို့ကိုယ်မိမိတို့ အလင်းတရားနှင့်ကောင်းမြတ်ခြင်းမေတ္တာ တရားတို့၏သံတမန်ဆက်သားများအဖြစ်မကြာခဏသရုပ်သဏ္ဍာန်ဖော်ဆောင်တတ်ကြပေသည်။

"ဤအမှုသည်အံ့ဩဘွယ်ဖြစ်သည်မဟုတ်၊ စာတန်ပင်လျှင်ထွန်းလင်းသော ကောင်းကင်တမန်အဖြစ်ယောင်ဆောင် တတ်၏။ သို့ဖြစ်၍ သူ၏ဆရာတို့သည်လည်းဖြောင့်မတ်ခြင်း တရားကိုဟောသောဆရာဖြစ်ယောင်ဆောင်လျှင်အဘယ်ဆိုဘွယ် ရှိသနည်း။ သူတို့သည်ကိုယ်ကျင့်သောအကျင့်အတိုင်း နောက်ဆုံး၌ အကျိုးအပြစ်ကိုခံရကြလတ္တံ့။"(၂ကော ၁၁း၁၄-၁၅) ဟုဖွင့်ဆို ထားပါသည်။

လူအများသည်မသိလိုက်ဘဲနှင့် မာရ်နတ်၏လှည့်ဖြားမှုနောက်သို့ပါသွားကြခြင်းသာမက၊ ကြီးမားတိုးတက်လာ သောအရေအတွက်ဖြင့်မာရ်နတ်၏ဆိုးဝါးယုတ်မာသောလမ်းစဉ်အားအဆင့်မြင့်မြင့်ထားကာမြတ်နိုးယုံကြည်ကြပေသည်။ နယူးယောက်ပြည်နယ်၊ ဘတ်ဖလိုမြို့ရှိဘရိုင်လင်းဆေးရုံ၏ခါတုဆေးဝါးမှီဝဲသုံးဆောင်သောလူကြီးနှင့် အရွယ်ရောက်စလူငယ်များအတွက် အတွင်းလူနာကုသရေးဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူရစ်ဟက်ဖီးလ်က ဆိုးဝါးယုတ်မာသောမာရ်နတ်ဆိုး၏လမ်းစဉ်ဝါဒသည်ကလေးသူငယ်များအတွက်အကြီးမား ဆုံးနှင့်အမြင့်ဆုံးခြိမ်းခြောက်မှုတစ်ရပ်ပင်ဖြစ်ကြောင်းသတိပေးပါသည်။အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဆေးဝါးကု သရေးအစီအစဉ်လုပ်ငန်းရပ်များတွင်ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့သူဟက်ဖီးလ်က လွန်ခဲ့သည့် ဖနှစ်တာကာလ အတွင်းက ဆိုးဝါးသောမာရ်နတ်လမ်းစဉ်ထဲသို့လှည့်စားဖြားယောင်းခြင်း ခံရသသည့်အရွယ်ရောက်စ လူငယ်လေးများ၏အရေအတွက် မှာအံ့ဩလောက်အောင်ပင်ရုတ်တရက်တိုးပွားလာသည်ကိုတွေ့မြင်ရကြောင်းပြောကြားခဲ့ပါသည်။

မြောက်များလှစွာသောလူတို့သည်မကောင်းဆိုးဝါးများထံချည်းကပ်ကိုးကွယ်ကြသော"အမှောင်လောက"အတွင်းသို့ကျ ရောက်နေကြခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာရေးထုံးစဉ်လာဘာသာတရားများ၏မှန်ကန်သောဝိညဉ်ရေးရာကိစ္စများ ရှင်သန်စွာကျင့်သုံးရန်အထင်အရှားပျက်ကွက်နေကြသည့်အဖြစ် မှရုန်းကန်ထွက်ပြေးကြခြင်းသာဖြစ်ကြောင်းကိုဝမ်းနည်းစွာတွေ့မြင်ရသည်။ မာရ်နတ်ဆိုးများကိုယုံကြည်သည့်ဝါဒဆိုင်ရာ ကျွမ်းကျင်သူ တောင်အာဖရိကနိုင်ငံသားတစ်ဦးကလူငယ်များ စုန်းကဝေမှော်အတတ်တို့၌ပါဝင်လှုပ်ရှားရခြင်းကိုဝိညဉ်ရေးရာ ချုပ်ငြိမ်းနေသော ခရစ်ယာန်ဘာသာသင်းတော် များအပေါ် အပြစ်တင်ပြောဆိုခဲ့ပါသည်။

ရိုက်တာသတင်းတစ်ရပ်ကိုအောက်ပါအတိုင်းတွေ့ရှိရပါသည်။ "မာရ်နတ်၏ဆိုးဝါးသောစရိုက်များပြုကျင့်မှုများသည် တစ်နေ့တစ်ခြား ပွားများလာပေသည်။ အထူးသဖြင့်ဆိုးဝါးလှ သောပြဿနာမှုခင်းများ၊ လူသတ်မှုနှင့်ထိပါးကျူးကျော်တိုက် ခိုက်ခြင်းများကို တွေ့ကြုံရပေသည်" ဟုရဲတပ်ဖွဲ့၏မှော်ပညာ စုံစမ်းစစ်ဆေးရေးတပ်စုမှတပ်စုမှူးဗိုလ်မှူးကြီးကိုဘတ်စ်ဂျွန်ကာကပြောကြားခဲ့ပါသည်။

ဂျွန်ကာကဆက်လက်၍လူငယ်များအနေဖြင့်မှော်ပညာကျင့်သုံးရေးကိုမတောက်တခေါက်လိုက်စားရန်စိတ်ညွှတ်သွားရခြင်းမှာ တောင်အာဖရိကနိုင်ငံတွင်တည်ထောင်ထားကြသော ခရစ်ယာန်အသင်းတော်များအနေဖြင့် ဝိညဉ်ရေးကင်းမဲ့ခြောက်ခန်းသွားခြင်းကြောင့်ဖြစ်သည် ဟုခရစ်ယာန်အသင်းတော်များအပေါ်ပြစ်တင် ဝေဖန်ခဲ့ပါသည်။ "ကျွန်ုပ်တို့အသင်းတော်များ ၌ဝိညဉ်ရေးချုပ်ငြိမ်းလျက်ရှိနေပြီကို အမှန်ပင်သိရှိခံစားရပေသည်။ ဘာမျှတိုးတက်ပြောင်းလဲနေခြင်းမရှိပါ။ အဲသလိုအသင်း တော်မျိုးရဲ့ဘုရားရှိခိုးကျောင်းကိုလည်းကျွန်တော်မတက် ချင်ပါ"ဟုဂျွန်ကာကပြောကြားပါသည်။

စုန်းကဝေအတတ်သည်လည်း ထွန်းကားလျှက်ရှိနေပါသည်။ အင်္ဂလန်နိုင်ငံ၊ မန်ချက်စတာအထောက်တော်အပတ်စဉ် သတင်းစာကိုသတင်းပေးပို့ရာတွင်လွန်ခဲ့သောငါးနှစ်ကဗြိတိန်နိုင်ငံတွင်စုန်း ဖ၀၀၀၀ရှိခဲ့သည်ဟုထင်မှတ်ရပါသည်။ ယနေ့ အချိန်အခါတွင်မူစုန်းဦးရေမှာ ၈၀၀၀၀အထိကြီးထွားများပြား လာသည်ဟုခန့်မှန်းရပါသည်။ ဤသို့တိုးပွားလာခြင်းကို "စုန်း ပညာပြန်လည်ဆန်းသစ်လာခြင်း"ဟုကင်ပွန်းတပ်ပြောဆိုကြပါသည်။ ၎င်းအပြင်စိတ်ခုခံကာကွယ်ခြင်းနှင့်စုန်းပညာ၏ သမိုင်းတွင်ပါဝင်သောစုန်းအတတ်ဘာသာရပ်ကိုကျောင်းများ၌ပေါ်ပေါ်ထင်ထင်သင်ကြားလျက်ရှိနေပေပြီ။

''မိစ္ဆာဒိဋ္ဌိ စွမ်းအားသည် အမေရိကန်ပြည်ထောင်စု၌ လည်း ကြီးမား လာပါသည်။

အေပီသတင်းတရပ်ကအောက်ပါအတိုင်း ဖော်ပြထားပါသည်။ သမ္မာကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းများကို အမေရိကန်နိုင်ငံရှိနိုင်ငံတော်ပိုင်ကျောင်းများမှ ၁၉၆၂ခုနှစ် ကစ၍တရားဝင်ပိတ်ပင် တားမြစ်ခဲ့ပါသည်။ သို့သော် ဤတားမြစ်ခြင်း ခံရသောကျောင်းများ၌ပင် ကျောင်းသားများအားစုန်းအတတ်နှင့် မှော်ပညာရပ်များကိုသင်ကြားပေးနေပါသည်။

စုန်းကဝေအတတ်နှင့်မာရ်နတ်၏ ဆိုးသွမ်းသောနယ်ပယ် အတွင်းသို့ အံ့ဩထိပ်လန့်ဖွယ် ဝင်ရောက်ရာလမ်းများသည် လူကြိုက်များလှသော တေးဂီတလုပ်ငန်းမှပင်ဖြစ်ပေသည်။

ဓါတ်ပြားသီချင်းနှင့် ဗီဒီယိုတိတ်ခွေ အဖုံးများကိုသာ ကြည့်လိုက်ကြပါစို့၊ ၎င်းတို့သည် စုန်းကဝေမှော်ပညာရပ်များ နှင့်ဆိုင်သော ရုပ်ပုံ၊ သင်္ကေတများ၊ ကိုးကွယ်နေကြပုံများနှင့် ကျင့်နည်းပါသရုပ်ကို ဖော်ဆောင်ထားပါသည်။ မာရ်နတ်နှင့် မြေအောက်ကိုးကွယ် ပြုကျင့်နည်းများကို လူအများတို့သည် ပေါ်ပေါ်ထင်ထင် ပြုမူဆောင်ရွက်နေကြပါသည်။ ငရဲ၏ဖြား ယောင်း ခေါ်ရာနောက်သို့ မရေမတွက်နိုင်သော လူတို့သည် ပါသွားကြပါသည်။ ထိုသူတို့သည် မူးယစ်ဆေးဝါး၊သဘာဝ ဖြစ်ရပ်မှန်နှင့်ဆန့်ကျင်သောလုပ်ရပ်များ၊ အကြမ်းဖက်ခြင်းနှင့် တစ်ခါတစ်ရံမိမိကိုယ်ကိုသတ်သေခြင်းစသောဆိုးသွမ်းယုတ်မာ သည့်ဘဝမျိုးသို့ရောက်ရှိသွားကြပါသည်။ သိက္ခာသမာဓိနှင့် အရှက်အကင်းမဲ့ဆုံးလုပ်ရပ်များဖြစ်သည့်ကျေးဇူးကန်းခြင်း၊ မြင့်မြတ်ခြင်းကိုနှိမ့်ချလိုက်ခြင်းစသောအပြုအမူများမှာယခုအခါတွင်လူမှုရေးနယ်ပယ်တွင်း၌ ရုပ်မြင်သံကြားဖျော်ဖြေမှုဖြင့် “လွတ်လပ်စွာပြောဆိုထုတ်ဖော်ခြင်းအစရှိသည့်အကြောင်းပြချက်များဖြင့်လက်ခံလျက်ရှိပေသည်။”

# သားရဲကြီးလာဦးမည်

“ခရစ်တော်၏ရန်သူတည်းဟူသော အန္တိခရစ်ပေါ်လာ ကြောင်းကိုသင်တို့ကြားရသည့်အတိုင်း၊ ယ္ခုပင်အန္တိခရစ်အများရှိကြ၏” (၁ ယော၊ ၂း၁၈)

ကမ္ဘာမြေကြီး၏ နောက်ဆုံးသောအချိန်နှင့် ပတ်သက်၍ သမ္မာကျမ်းစာက သီးသန့် သတ်မှတ်၍ ဖော်ပြသော နိမိတ်လက္ခဏာများအနက်တစ်ကမ္ဘာလုံးကိုချုပ်ကိုင်နိုင်သော အစိုးရမျိုးဖြစ်ပြီးထိုအစိုးရမှာလည်း မာရ်နတ်ကချုပ်ကိုင်သောနိုင်လိုမင်းထက်ပြုတတ်သောအစိုးရမင်းမျိုးဖြစ်ပြီးထိုမင်းအားခရစ်တော် ကိုဆန့်ကျင်သူသို့မဟုတ် မာရ်နတ်ဆိုးကြီးဟု ခေါ်တွင်သောပုဂ္ဂိုလ် ပင်ဖြစ်ပေသည်။ ဗျာဒိတ်ကျမ်းအခန်းကြီး ၁၃၌ကမ္ဘာလောက ကြီးသည်မာရ်နတ်မင်းအားအမှန်တကယ်ပင ်ကိုးကွယ်မည်ဖြစ် ကြောင်း၊ ထိုမာရ်နတ်မင်းမှာလည်း လူမဆန်ရက်စက်ကြမ်းကြုတ်သော ဤလောက၌ လူဆန်သော ပုဂ္ဂိုလ်ကောင်းတစ်ယောက် အဖြစ်ထင်ပေါ်ပေမည်။ “ထိုသားရဲ၌ အာဏာစက်ကိုပေးအပ်သောနဂါး ကိုကိုးကွယ်ကြ၏။ သားရဲကိုလည်း ကိုးကွယ်၍ အဘယ်သူ သည် သားရဲနှင့်တူသနည်း။ အဘယ်သူသည် သူ့ကိုစစ်ပြိုင်နိုင်သနည်းဟုပြောဆိုကြ၏။”(ဗျာဒိတ်၁၃း၄)တစ်ကမ္ဘာလုံးကိုဦးဆောင် နိုင်သည့်ခေါင်းဆောင်မှု အရည်အချင်းရှိသူအား ခေါင်းဆောင် အဖြစ်လက်ခံရန် ဇာတ်ခုံအား လျှင်မြန်စွာဆောက်တည်ထားပြီး ဖြစ်သည်။ နံမည်ကျော်ကြားသော ဗြိတိသျှ သမိုင်းရေးဆရာ အာနိုးတွိုင်းဘီး(၁၈၈၉–၁၉၇၅)က အောက်ပါစကားများ ပြော ကြားခဲ့ရာ၌မှန်ကန်လှပေသည်။ ၎င်းက“ကမ္ဘာ့နိုင်ငံ အသီးသီး တို့သည် ကမ္ဘာ့အရှုပ်ပြဿနာများအား ဖြေရှင်းနိုင်သူတစ်ဦး အားမိမိတို့တိုင်းနိုင်ငံများအား ပေးအပ်ဆက်ကပ်ရန် အသင့်ရှိသည်” ဟုပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ၏ ပထမဆုံးဥက္ကဋ္ဌဖြစ်ခဲ့သူပေါလ်ဟွန်ရီစပတ်က်သည် ဘယ်လ်ဂျီယံနိုင်ငံ၏ဝန်ကြီးချုပ်လည်းဖြစ်ခဲ့ပြီး ဥရောပဘုံဈေးအဖွဲ့တည်ထောင်ရန် ကနဦးစီစဉ်သူတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် (နေတိုးအဖွဲ့) ၏အထွေထွေအတွင်းရေးမှူးချုပ်လည်းဖြစ်ပါသည်။ ၎င်းက အခိုင်အမာပြောဆိုရာ၌ “ကျွန်ုပ်တို့ နောက်ထပ်ကော်မတီတစ်ခု မလိုအပ်တော့ပါ။ ကော်မတီတွေများပြားလွန်းနေပြီး ကျွန်တော်တို့လိုအပ်နေတာကတော့ လူအားလုံး၏ သစ္စာစောင့်သိမှုကို ရရှိပြီး စွမ်းရည်အဆင့်အတန်းပြည့်ဝသောသူ၊ ကျွန်ုပ်တို့ကျံကျနေသော စီးပွားရေးနွံထဲမှ ဆွဲထုတ်နိုင်စွမ်းရှိသူကိုသာ လိုလားနေပါသည်။ ထိုလိုလူသားတစ်ဦးသာ လွှတ်လိုက်ပါ။ ဘုရားဘဲဖြစ်ဖြစ် နတ်ဆိုးကြီးဘဲဖြစ်ဖြစ် ကျွန်ုပ်တို့ကြိုဆိုလက်ခံပါမည်” ဟုပြောကြားထားပါသည်။

## *ကမ္ဘာသစ်အနေအထား*

“ကမ္ဘာသစ်အနေအထား”သို့မဟုတ်“ကမ္ဘာအသိုင်းအဝိုင်း” ဆိုသောအသုံးအနှုန်းများကိုကြားသထက်ကြားနေကြရလေပြီ။ ပင်လယ်ကွေ့စစ်ပွဲအတွင်း၌အမေရိကန်ကွန်ကရက်လွှတ်တော် တွင်အမေရိကန်သမ္မတဂျော့(ဂျ)ဘုရှ်ကဤဝေါဟာရများကို၎င်း၏မိန့်ခွန်း၌ထည့်သုံးခဲ့ခြင်းဖြင့်“ကမ္ဘာသစ်အနေအထား”“ကမ္ဘာအ သိုင်းအဝိုင်း”ဟူသော ဝေါဟာရများအား လူသိများစေခဲ့ပါသည်။ သမ္မတဂျော့(ဂျ)ဘုရှ်က“ယနေ့ကျွန်ုပ်တို့သည် လူမျိုးဘာသာထူး ခြားသောအချိန်ကာလ၌ အသက်ရှင်နေကြပါသည်။ ဤခက်ခဲ ကျပ်တည်းသည့်အချိန်အခါမျိုး၌ ကမ္ဘာသစ်အနေအထားတစ်ခုထွက်ပေါ်လာနိုင်ပါသည်။ ယနေ့ထိုကမ္ဘာသစ် အနေအထားသည်မွေးဖွားထွက်ပေါ်လာရန်အတွက်ရုန်းကန်လျက် ရှိနေပြီ” ဟုပြောကြားခဲ့ပါသည်။

## *ယေရှုရှုလမ်ငြိမ်းချမ်းရေးသဘောတူညီချက်*

ယခုပေါ်ပေါက်လာမည့် ကမ္ဘာ့ခေါင်းဆောင်ကြီးသည် တစ်ကမ္ဘာလုံး ကျေနပ်အားရမွေ့လျော်နေမှုများဖြင့် သူသည် တန်ခိုးအာဏာများကိုရရှိလာမည်ဖြစ်ပါသည်။ ထိုခေါင်းဆောင်သည်တစ်ကမ္ဘာလုံးကြုံတွေ့နေရသောစီးပွားရေးအကျပ်အတည်းများ၊ စစ်ရေးနှင့်နိုင်ငံရေးအခက်ခဲ ဒုက္ခသောကများ ကြားထဲမှကမ္ဘာလောကကြီးကို ခေတ္တယာယီကယ်ဆယ်ရန်ထွက်ပေါ်လာပေမည်။ မာရ်နတ်သည် အလင်းတံခါးဖွင့်ပေးသောသူတော်စင်တစ်ပါးကဲ့သို့ မိမိကိုယ်မိမိပြသတတ်သကဲ့သို့ ယခုပေါ်ပေါက် လာမည့်“ခေါင်းဆောင်ကြီး”သည်လည်း တစ်ကမ္ဘာလုံးကငြင်း အားငြိမ်းချမ်းရေး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ဦး ကဲ့သို့ထင်မှတ် လာရန်လှည့်ဖြားပေလိမ့်မည်။ ပရောဖက်ဒံယေလက အဆိုပါခရစ်တော်ကိုဆန့်ကျင်သူအား“သူသည်လိမ္မာစွာပြုသဖြင့်မှုသား လည်း အောင်မြင်လိမ့်မည်။ စိတ်ထောင်လွှားခြင်းနှင့်တကွ မိဿဟာယဖွဲ့သောအားဖြင့်လူများတို့ကိုဖျက်ဆီး၍သခင်တို့ ၏သခင်ကိုဆန့်ကျင်ဘက်ပြုလိမ့်မည်။သို့သော်လည်းလူလက် ဖြင့်ဒဏ်မခတ်ဘဲ ကျိုးပဲ့ပျက်စီးခြင်းသို့

ရောက်လိမ့်မည်။ “ထိုသူအရာ၌လည်း မင်းစည်းစိမ်ကိုခံထိုက်သောသူမဟုတ်၊ ယုတ်မာသောသူ အဖြစ်ပေါ်လာလိမ့်မည်။ သူသည်အနိုင့်အထက်မပြု၊ ချော့မော့ခြင်းအားဖြင့်နိုင်ငံကိုရလိမ့်မည်” ဟုဖော်ပြထား ပါသည်။(ဒံယေလ ၈း၂၅၊ ၁၁း၂၁)

အပြစ်ကင်းစင်သောခုနစ်နှစ်ကကာလငြိမ်းချမ်းရေးသဘောတူညီချက်(သို့မဟုတ်)ပဋိဉာဉ်စာချုပ်ကြီးသည်ထိုသူကမ္ဘာ့ခေါင်းဆောင်ကြီးဖြစ်လာရန်အထူးအရေးပါသောအချက် တစ်ချက်ဖြစ်မည့်အကြောင်းသမ္မာကျမ်းစာကညွှန်ပြထားပါသည်။ ဤစာချုပ်သည်ကမ္ဘာ့အရှေ့အလယ်ပိုင်းပြဿနာများကိုယာယီ ဖြေရှင်းပေးနိုင်လိမ့်မည်။ အဆိုပါစာချုပ်ကြောင့် ယေရုရှလင်မြို့ အပါအဝင် အခြားသော သန့်ရှင်းရာဌာနများဟု ယူဆလက်ခံထားသော နေရာဌာနများနှင့် ပတ်သက်၍ ရဟူဒီ(ဂျူး)လူမျိုးများနှင့် အာရပ်လူမျိုးများ တစ်ဘက်နှင့်တစ်ဘက် အလျှော့ပေး ကြပေလိမ့်မည်။ အရေးပါလှသော အချက်အချာကျသည့်နေရာကား ယေရုရှလင်မြို့ရှိ မိုးရီးယာ တောင်ကုန်းပင်ဖြစ်သည်။ ထိုတောင်ကုန်းပေါ်၌ ရဟူဒီတို့၏ ဝတ်ကျောင်း(ဘုရားရှိခိုးကျောင်း) ရောမလူမျိုးများအေဒီ ၇ဝခုနှစ်က မဖျက်ဆီးမီ ကာလ၌ တည်ရှိခဲ့ပါသည်။ ထိုတောင်ကုန်းသည်ပင် အာရပ်လူမျိုးများ အတွက် အမြတ်သနိုး ကိုးကွယ်ရာ ၄င်းတို့၏ သန့်ရှင်းသော နေရာဌာန ဖြစ်ခဲ့၏။ အာရပ်လူမျိုးများ အတွက်လည်း အသန့်ရှင်းဆုံး အမြတ်နိုးဆုံး ကိုးကွယ်သည့် အမိုးလုံးကျောက်တုံးကြီးသည် ယေရုရှလင်မြို့တွင်း ထိုမိုးရီးယားတောင်ကုန်းပေါ်၌ တည်ရှိနေ ပါသည်။ သမ္မာကျမ်းစာပါ ကျမ်းချက်များက ခရစ်တော်ကို ဆန့်ကျင်သော ပဋိဉာဉ်စာချုပ်သည် ရဟူဒီ(ဂျူး)လူမျိုးများအား မိမိတို့၏ဘုရားဝတ်ပြုကျောင်းတော်ကိုပြန်လည်တည်ဆောက်နိုင်ရေး အတွက် အထောက်အကူ ဖြစ်စေပါမည်ဟု ဖော်ပြထားပါသည်။ ထိုသို့ဆောက်လုပ် ပြီးစီးပါက ရှေးကျလှသော တိရိစ္ဆာန်များ အားယဇ်ပူဇော်ခြင်း အလေ့အကျင့်နှင့် ကိုးကွယ်ခြင်းများ ပြန်လည် ရှင်သန်စေပေမည်။ (ဒံယေလ ၈း၂၃-၂၅,၉း၂၇း၂ နှင့် ၂ သက်၊ ၂း၁-၄ ကိုကြည့်ပါ။)

## *ရှုရှဝင်လာခြင်း*

ပရောဖက်ယေဇကျေလက ခရစ်တော်ဆန့်ကျင်သူအား မဂေါဂပြည်ရှိ ရောရှမင်းသား ဖြစ်သူ“ဂေါဂ”ဟုခေါ်၏။ (ယေဇကျေလ ၃၈း၂) စာပေလေ့လာလိုက်စားသူများက ရှေးယခင်က မာဂေဂဟု ခေါ်တွင်ခဲ့သော တိုင်းပြည်သည် အလွန်တန်ခိုးကြီးသော နိုင်ငံ(သို့မဟုတ်)ဒေသ တခုဖြစ်ပြီး ၄င်းသည် အစ္စရေးနိုင်ငံ၏မြောက်ဘက်၌ ရှိသည်ဟု တညီတညွတ်တည်း လက်ခံကြသည်။

‘‘ရောရှ’’ဆိုသောဝေါဟာရမှာယနေ့ရုရှားလူမျိုးများကိုရည်ညွှန်းခြင်းဖြစ်သည်ဟု ယုံကြည်လက်ခံထားပါသည်။ ဤအချက်အလက်များကြောင့် ကျမ်းစာသင် ကျောင်းသားများကခရစ်တော်ကိုဆန့်ကျင်သောသူသည် ယခင်ဆိုဗီယက်ယူနီယံ နိုင်ငံမှ ယခုအခါကစင့်ကလျားခွဲထွက်ပြီး မငြိမ်မသက်ဖြစ်နေရာမှပေါ်ထွက်လာမည်ဟုယုံကြည်၏။

သမ္မာကျမ်းစာအနေဖြင့်ဥရောပထိပ်သီးနိုင်ငံများသည် ခရစ်တော်ဆန့်ကျင်သည့်လောကီအစိုးရများအား ခြယ်လှယ်သူ များဖြစ်လာမည်။ ခရစ်တော်ဆန့်ကျင်သူ၏ နောက်၌ထိုဥရောပ ၏ခေါင်းဆောင်များက စည်းလုံးစွာထောက်ခံ နေပေမည်။ ထိုသူတို့သည် သဘောတူ၍မိမိတို့တန်ခိုးအာဏာစက်ကိုသုံးရန် အပ်ပေကြလိမ့်မည်။(ဗျာဒိတ် ၁၇း၁၃)

## *ရက်စက်ဆိုးသွမ်းမှုသို့ပြောင်းသွားသောကယ်တင်ရှင်*

မြောက်မြားစွာသော ကမ္ဘာ့နိုင်ငံများက အစပိုင်းတွင် “သားရဲကြီး”အား နိုင်ငံရေး ကယ်တင်ရှင်အဖြစ် လက်ခံကာချီးမွမ်းသြဘာပေးကြလိမ့်မည်။ “ခုနှစ်နှစ်တာ ပဋိဉာဉ်အားပြဋ္ဌါန်း အတည်ပြုပြီး ၃နှစ်ခွဲအကြာတွင်သရဲကြီးသည်ငြိမ်းချမ်းရေး သဘောတူညီချက် စာချုပ်အားရုပ်သိမ်းဖျက်ဆီးပြီး မိမိ၏သရုပ်သဏ္ဍာန်အစစ်ကိုထုတ်ဖော်ပြသလိမ့်မည်။ ဤအချိန်၌သားရဲကြီး သည် အစ္စရေးနိုင်ငံအားဝင်ရောက်ကျူးကျော်သိမ်းပိုက်ပြီး ယေရုရှလင်မြို့အားမိမိကမ္ဘာ့မြို့အဖြစ်တည်ထောင်လိမ့်မည်။

သားရဲကြီးသည်ဘာသာတရားဟူသည်ကိုမတရားအသင်း အဖွဲ့များအဖြစ်ကြေညာပေလိမ့်မည်။ မိမိကိုယ်ကိုမူကိုးကွယ် ရာအဖြစ်သတ်မှတ်ပြီး သားရဲ၏ရုပ်တုကို စကားပြောနိုင်မည့် အကြောင်းနှင့်မိမိကိုမကိုးကွယ်သောသူရှိသမျှတို့ကိုသတ်ဖြတ် ခြင်းငါပြုနိုင်မည့် အကြောင်းရုပ်တု၌အသက်ကိုသွင်းပေးရသော အခွင့်ကိုလည်းရ၏။ ယေရှုက ဤရုပ်တုကို မြင်ရသောအခါ ပရောဖက်ဒံယေလ ဟောသည့်အတိုင်း၊ ဖျက်ဆီးတတ်သောရွံရှာဖွယ်အရာသည်သန့်ရှင်းသောအရပ်၌စိုက်နေသည်ကိုသင်တို့မြင်ရလျှင် ကျမ်းစာကိုကြည့်သောသူသည်နားလည်ပါစေ။အကြောင်းမူကား ကမ္ဘာဦးမှယခုတိုင်အောင် မဖြစ်ဖူး၊ နောင်လည်းမဖြစ်လတ္တံ့သောကြီးစွာသောဒုက္ခသည်ထိုကာလ၌ဖြစ်လိမ့်မည်။ (မဿဲ၂၄း၁၅-၂၁) ထိုအချိန်ကာလသည် ကားသားရဲကြီးနှင့် သူ့အုပ်ချုပ်ပုံစံနစ်အရ ဘုရားသခင်ကို ယုံကြည်သူတို့အား ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ချုပ်ချယ်ပြီးညဉ်းပန်းနှိပ်စက်သည့် အချိန်အခါမျိုးဖြစ်ပေသည်။ (ဒံယေရး ၂၁,၁၅၊၈-၂၃-၂၄,၁၁း၃၁-၃၅,၁၂း၁၀၊ ဗျာဒိတ် ၁၃း၅-၇ ကိုလည်းကြည့်ပါ။)

ဤအချိန်ကာလသည်ကားခရစ်တော်ကိုဆန့်ကျင်သော သားရဲကြီးသည် သတင်းဆိုးဖြင့် ကျော်ကြားလှသော “၆၆၆” (ခြောက်သုံးလုံး) တည်းဟူသောယုံကြည်အပ်သည့်တစ်ခုတည်းသောကမ္ဘာကြီးစနစ်ကိုချမှတ်ထူထောင်သွားရန်ဖြစ်သည်။

## သားရဲကြီး၏အမှတ်အသား

“ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည် လကျာ်လက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေတံဆိပ်လက်မှတ်ကိုခံစေခြင်းငှါလည်းကောင်း၊ ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊နာမ ၏အရေအတွက်ဖြစ်စေတစ်ခုခုကို မခံသောသူတစ်ယောက်မျှ မရောင်းဝယ်စေချင်းငှါလည်းကောင်းစီရင်၏။ဤအရာ၌ပညာရှိ၏ဉာဏ်ရှိသောသူသည် သားရဲ၏အရေအတွက် ကိုရေတွက်စေ။ လူ၏အရေအတွက်ဖြစ်၏။ခြောက်ရာခြောက်ဆယ်ခြောက်လည်း ဖြစ်၏။(ဗျာဒိတ် ၁၃း၁၆-၁၈)

ဤဗျာဒိတ်သည် အမှန်ပင် ထူးခြားမှတ်သားလောက် ပေသည်။ ဤအရာကို စဉ်းစားသုံးသပ် ကြည့်ပါ။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်နီးပါးက တမန်တော် ယောဟန်သည် ယေရှုနှင့် မတွေ့မီက တံငါသည် တဦးမျှသာ ဖြစ်ပါသည်။ တမန်တော် ယောဟန်သည် ကမ္ဘာ့စီးပွားရေးနှင့် ပတ်သက်၍ နိမိတ်ဖတ်ခဲ့ရာတွင် တစ်နေ့တွင် ကမ္ဘာ့စီးပွားရေး အခြေအနေသည် လူတိုင်းသည် မဖြစ်မနေ“နံပါတ်” ဖြင့်သာ ဝယ်ယူခြင်း၊ ရောင်းချခြင်း တို့ကို ပြုလုပ်နိုင်မည့် စီးပွားရေး စံနစ်ကို တည်ထောင် သွားလိမ့်မည်။ ကွန်ပျူတာများနှင့် အီလက်ထရွန်းနစ်ဘဏ်လုပ်ငန်းစံနစ် စတင်ပေါ်ပေါက် လာသော အချိန်အခါ၌ သာလျှင် ဤနိမိတ် ဖတ်ပြောကြားချက်သည် မှန်ကန်ကြောင်းကို တွေ့ရှိရပါသည်။

မျက်မှောက် ခေတ်ကာလတွင် ပစ္စည်းများ ဝယ်ယူရန် အတွက် လူသုံးများသော နည်းစံနစ် အတော်များများ ရှိနေပါသည်။ ငွေသားကို လည်းကောင်း၊ ချက်လက်မှတ်ကိုလည်းကောင်း၊ အကြွေးကဒ်ပြားကို လည်းကောင်း အသုံးပြု၍ ပစ္စည်းများ ဝယ်ယူ နိုင်ပေသည်။ သို့မဟုတ် ဆပ်ရန်တင်ရှိနေသော အကြွေးများအား စာရင်းသွင်း ထားပေမည်။ ငွေကိုင်သည် သင်၏ အကြွေးဝယ် ကဒ်ပြားအား စီစစ်ရေးစက် အတွင်းသို့ ထည့်လိုက်ရုံ ဖြင့်သက်ဆိုင်ရာဘဏ် သို့အီလက်ထရွန်းနစ် စံနစ်ဖြင့် လျင်မြန်စွာ ရောက်ရှိ ဆက်သွယ် နေပေမည်။ ထို တိုတောင်းလှသော ကာလအတွင်း၌ပင် ဘဏ်ရှိစာရင်းသည် မိမိကုန်ပစ္စည်းဝယ်ယူ သောဆိုင်ရှိ စာရင်းသို့ ရောက်ရှိသွားပေမည်။ အားလုံးကို စက္ကန့်ပိုင်းအတွင်းပြီးစီးအောင် လုပ်ကိုင်နိုင်ပေသည်။

ငွေ လွှဲပြောင်းပေးသော အခြားနည်းတစ်နည်းမှာ နိုင်ငံတော်တော်များများတွင် အသုံးပြုလျက်ရှိနေပြီး၊ အသုံးပြုခြင်း မရှိသေးသောနိုင်ငံများ၌လည်းသုံးစွဲလာစေရန်ဆောင်ရွက်နေပေမည်။ဤစံနစ်မှာ"စမတ်ကဒ်"ခေါ်အလွန်ထက်မြက်ကောင်းမွန်သော ငွေလွှဲကဒ်ပြားလေးပင် ဖြစ်သည်။ ဤကဒ်ပြားလေးသည်အခြားသောသာမန်ကဒ်ပြားကလေးများနှင့်ဆင်နေသော်လည်း ကြီးမားသော ကွာခြားမှုရှိနေပေသည်။ ဤကဒ်ပြားမျိုးတွင် ကွန်ပျူတာ အချပ် ကလေးတစ်ချပ် ဆီကို ပလတ်စတစ်တွင် ကပ်ထားပါသည်။

ဤအီလက်ထရွန်းနစ် အံ့ဖွယ်ရာလေးများသည် မိမိနှင့် သက်ဆိုင်သော ဘဏ်စာရင်းသို့ ချက်ချင်း ဆက်သွယ်ပေးနိုင်ခြင်း ကို ပြုလုပ်ပေးရုံမျှမက ၎င်း "စမတ်ကဒ်" တွင် သင်၏ နိုင်ငံကူး ကဒ်ပြားပါ အချက်အလက်များ၊ သင်၏ ဆေးမှတ်တမ်းများ၊ ယာဉ်မောင်းလိုင်စင်၊ ခါတ်ပုံများ၊ လူမှုဖူလုံရေးဆိုင်ရာ ရပိုင်ခွင့်များ နှင့် အခြားအချက်အလက် မျိုးစုံကို စုဆောင်း သိမ်းဆည်းထားနိုင် ပေသည်။ ပြင်သစ်၊ ကနေဒါ၊ ဂျာမဏီ နှင့်ဗြိတိန်နိုင်ငံများ၌ လူသန်း (၉၀)ကျော် ဤ"စမတ်ကဒ်"ပြားကို အသုံးပြုလျှက်ရှိ ပေပြီ။ ငွေသား ကိုင်တွယ်သုံးစွဲခြင်း ပပျောက်ရေး လမ်းစဉ်ကို ကျွန်တော်တို့ ကျင့်သုံးလျှက် ရှိနေပေသည်။ ငွေကြေးကင်းမဲ့သော လူ့ဘောင် တည်ဆောက်ရန် လိုလားကြိုးပမ်းသောသူများ အနေဖြင့် ငွေသားသုံးစွဲခြင်းမှ ချုပ်ငြိမ်း ရပ်စဲသွားရန် သင့်ကြောင်းကို အထောက်အထားများ ရှိကြပေသည်။ အခြေခံ အချက်အလက်မှာ မူးယစ်ဆေးဝါး မှောင်ခို ရောင်းဝယ်သူများ အတွက် ငွေကြေး (ငွေသား)သည် ထိုသက်သေခံအား အထားရဆုံးအရာပင် ဖြစ်သည်။ မူးယစ်ဆေးဝါး မှောင်ခို ရောင်းဝယ်သူများသည် လုပ်ငန်းတစ်ကြိမ် ဆောင်ရွက်တိုင်း အဝတ်ထည့် လက်ဆွဲအိတ်တွင်း၌ အပြည့်သယ် ဆောင်လုပ်ကိုင် နေကြပါသည်။ ငွေသားသုံးစွဲခြင်း မရှိပါက တရားမဝင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်းအတွက် များစွာ အတားအဆီး အနှောင့်အယှက် ဖြစ်စေပေမည်။ အမှန်အားဖြင့် ဥပဒေ ခိုင်မာ တည်မြဲ စေသော အဖွဲ့များက ငွေသားသုံးစွဲခြင်းကို ပယ်ဖျက်လိုက်ခြင်းအားဖြင့် မှုခင်းလုပ်ရပ် အတော်များများကို ပယ်ဖျက်ရာရောက်စေမည်ဟု ပြောကြားပါသည်။

## *သိရှိမှတ်မိနိုင်ရန် အခက်အခဲ*

လုံးလုံးလျားလျားငွေသား၊ ချက်လက်မှတ်နှင့် အကြွေးဝယ် လက်မှတ်များကို ပြောင်းလဲလိုက်ခြင်း မပြုနိုင်မီ၊ ရုပ်အင်္ဂါလက္ခ ဏာဖော်ပြ သိရှိရာတွင် လုံးဝမမှားနိုင်သော မှတ်ပုံတင်ခြင်းစံနစ် ကိုတီထွင် အကောင်အထည် ဖော်ရန် လိုအပ်ပေသည်။ လက်လီ ဈေးသည်များ အပြင် ငွေအလွှဲအပြောင်း လုပ်နိုင်ရေးအတွက် ကဒ်ပြား ထုတ်ပြလာသူသည် ထို ကဒ်ပြားကို ပိုင်ဆိုင်သူ အစစ်အမှန် ဖြစ်ကြောင်း သေချာစွာ သိရှိရန် လိုအပ်ပါသည်။

လက်ဗွေပုံစံ၊ လက်ပုံစံနှင့် မျက်လွှာစီစစ်ခြင်းအစရှိသော မမှားနိုင်သည့်ရုပ်အင်္ဂါလက္ခဏာ၊ မမှားနိုင်သည့်မှတ်ပုံတင်ခြင်း စံနစ်မျိုးစုံကို တည်ထွင်ဆောင်ရွက်လျက် ရှိနေပေသည်။ဤ နည်းစံနစ်များအတွက်အသုံးပြုသောစက်ကိရိယာများမှာအလွန် အမင်း ဈေးနှုန်းကြီးမြင့် လှပါသည်။ ငွေသား အသုံးမပြုသော လူ့အဖွဲ့ အစည်းတစ်ခုဖြစ်ပေါ်လာရန်အတွက်ဆိုင်ငယ်ကလေးတိုင်း နှင့်လက်လီရောင်းရာနေရာ၌"ကဒ်"စစ်ဆေးသည့် စက်တစ်ခုစီ လိုအပ်နေပေမည်။

ဤကဲ့သို့ ဇီဝအင်္ဂါရပ်များ စီစစ်သည့် စက်ကိရိယာများ ဒေါ်လာထောင်နှင့်ချီ၍ ကုန်ကျနေချိန်တွင် "စမတ်ကဒ်" အတွင်း ကပ်ထားသည့်မိုက်ကရိုအချပ်ကလေးများသည်ဆင့်အနည်းငယ် သာကုန်ကျပေသည်။

## *ကိုယ်ပိုင် မိုက်ခရိုချစ်(ပ်)ကလေး တပ်သွင်းထားခြင်း*

ဈေးနှုန်းသက်သာပြီး လုပ်ကိုင်ရန် လွယ်ကူသော အဖြေ မှာ"စမတ်ကဒ်"တွင် ထည့်သွင်းထားသည့် မိုက်ကရိုအချပ်ပြား ကို မိမိအရေခွံအောက်တွင် ထည့်သွင်းလိုက်ခြင်းပင် ဖြစ်သည်။ လူ့အရေခွံအောက်တွင် ထည့်သွင်းထားသော မိုက်ကရိုအချပ်ပြား သည် ဈေးနှုန်းမကြီးလှသော စီစစ်ရေးစက်ဖြင့် မှတ်သား သိရှိနိုင် ပေမည်။ ထိုအခါ သင်သည် စမတ်ကဒ်တစ်ခု ဖြစ်လာပြီး ကဒ်ပြားပိုင်ရှင် မှန်မမှန်ဆိုသော ပြဿနာကို ဖြေရှင်းပြီးသား ဖြစ်သွားလေပြီ။

ထိုကဲ့သို့ အရေခွံအောက် ထည့်သွင်းခြင်း အတွက်သာ နည်း ပညာရပ် ပေါ်ပေါက်နေခြင်း မဟုတ်။ ကမ္ဘာအနှံ့ ရွှေ့ပြောင်း(ရွှေ့ ဆောင်) အစီအစဉ် လုပ်ငန်းရပ်များ အတွက်လည်း စမ်းသပ်နေပြီ ဖြစ်ပါသည်။ ဥပမာအားဖြင့် အမေရိကန် ပြည်ထောင်စု၏ ကျန်းမာရေးနှင့် လူသားရေးရာ ဆောင်ရွက်မှု ဌာနက မိုက်ကရို အစက်ကလေးဖြင့် ရုပ်အင်္ဂါလက္ခဏာ ဖော်ပြခြင်း စီမံကိန်းသည် ဝါရှင်တန် ဒီစီမြို့နှင့် အခြားမြို့များစွာတို့တွင် စမ်းသပ်လျက်ရှိ သည်ဟု ဆိုပါသည်။ ထိုအသုံးပြုသော ကွန်ပျူတာ အချပ်ကလေး များသည် အပ်ဖျားလောက်ပင် မရှိသည့်အပြင် ၂၅ဆင့်မျှပင်မ ကုန်ကျပါ။ ထိုအလွှာချပ်အား အရေခွံအောက် တစ်လက်မ၏ ၃ နီးနီး ထိုးသွင်းရပါသည်။ များသောအားဖြင့် လက်ခလယ်နှင့် လက်ညှိုးကြားရှိ အကြောပြင်ထဲသို့ ထိုးသွင်းပါသည်။ ဤမိုက် ကရိုအချပ်လွှာများသည် လက်ဖြင့်ကိုင်တွယ်၍ ရသောသေး ငယ်သည့် စီစစ်ရေး ကိရိယာများဖြင့် လှုပ်ရှားစေပြီး မိုက်ကရိုအချပ် လွှာ ထည့်သွင်းထားသူနှင့် ပတ်သက်သော လက္ခဏာ အင်္ဂါအချက် အလက်များကို အမှားအယွင်း မရှိ ဖြေဆို ဖော်ပြ နိုင်ပေသည်။

ငွေသားသုံးစွဲခြင်း ကင်းမဲ့သောလူ့ဘောင်တစ်ခုကမ္ဘာ၌ ပေါ်ပေါက်လာရန်ကြိုးပမ်းလျက်ရှိနေပြီ။လျှော့မျှင်မျက်စိရောဂါကုသနည်းများ၊ ပြိုဟ်တုများ စကြာဠာအတွင်း လှည့်ပတ် နေခြင်းများနှင့်ကွန်ပျူတာများဖြင့်အချက်အလက်စာရင်းအင်း များထိန်းသိမ်းထားခြင်းများသည် ကမ္ဘာကြီးကိုလွှမ်းမိုးထိန်းချုပ် နိုင်လောက်သောစွမ်းရည်များဖြစ်ပြီး လူတို့၏စိတ်ကူးစိတ်သန်းကို မတည်မငြိမ်ချီတုံချတုံ ဖြစ်စေပါသည်။ ဩစတြေးလျ၊ အစ္စရေး စကာ်ပူနှင့် ထိုင်းနိုင်ငံများမှ အစိုးရများသည်ငွေသားနှင့်ချက် လက်မှတ်သုံးစွဲခြင်းများကို ပယ်ရှားသည့် စံနစ်များတွေ့ရှိရန် ကြိုးပမ်းလျက်ရှိပြီးအခြားသော နိုင်ငံအမြောက်အများတို့သည် လည်း ငွေကြေးမဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နည်းလမ်းများစွာ စမ်းသပ်လျက် ရှိနေကြပေသည်။ ပထမဆုံး အကြိမ်အဖြစ်နှစ်ပေါင်း ၂၀၀၀နီးပါးကတမန်တော်ယောဟန် ရရှိခဲ့သော

ကျောစိမ့်ဖွယ်ရာစက္ကူအာရုံမှာမဟာနည်းပညာရပ်များဖြင့်ပြည့်စုံမှန်ကန်ခြင်းသို့ရောက်ရှိနေစေပါသည်။

## *ပလ္လင်တော်၏ နောက်ကွယ်မှ တန်ခိုးအာဏာ*

ပေါ်ပေါက်လာမည့်ကမ္ဘာ့ခေါင်းဆောင်ကြီးသည် တစ်ကမ္ဘာ လုံးက မိမိအား ဝတ်ပြုကိုးကွယ်ရန် တောင်းဆိုလိမ့်မည်။ ဤသည် မှာလည်း ထိုခေါင်းဆောင်ကြီးသည် အတ္တဆန်လွန်းခြင်း တစ်ခု တည်းကြောင့် မဟုတ်ပါ။ သူ့ကိုယ်တိုင်သည် မာရ်နတ်၏ အုပ်စိုးခြင်းကို ခံနေရလိမ့်မည်။ "နဂါးသည် မိမိတန်ခိုးနှင့်မိမိပလ္လင် ကိုလည်းကောင်း ကြီးစွာသော အာဏာကို လည်းကောင်း သားရဲ၌ အပ်ပေး၏။" (ဗျာဒိတ် ၁၃း၂)

မာရ်နတ်သည် အမြဲတမ်းပင် ဘုရားသခင် ဖြစ်ရန် ဆန္ဒရှိ ခဲ့သည်။ ထို့ကြောင့်လည်း သူသည် ကျရှုံးခဲ့ရပါသည်။ ပရောဖက် ဟေရှာယာက အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။ "အို နံနက်သား၊ မိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေ ပြီတကား၊ အပြည်ပြည် တို့ကိုနှိပ်စက်သော သင်သည် မြေအောက် တိုင် ခုတ်လှဲခြင်းကို ခံရလေပြီ တကား၊ သင်ကလည်း ကောင်းကင် ပေါ်သို့ ငါတက်မည်၊ ဘုရားသခင် ၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင် ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက် ဗျာဒိတ်တော်တောင် ပေါ်မှာငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့် ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟုစိတ်အကြံရှိလေပြီ။ သို့သော် လည်း သင်သည် မရဏာနိုင်ငံ သင်္ချိုင်းတွင်းထဲ သို့နှိမ့်ချခြင်းကို ခံရလေပြီ။ " (ဟေရှာယ– ၁၄း၁၂–၂၅)

အထက် ကျမ်းပိုဒ်ပါ အတိုင်း မာရ်နတ်၏ သရုပ်သဏ္ဌာန် အစစ်အမှန်ကို ဖော်ပြနေ၏။ သူသည် ခရစ်တော် ဆန့်ကျင်သူ အားကြိုးဆွဲခြယ်လှယ်ပြီး ခရစ်တော် ဆန့်ကျင်သူအား ကမ္ဘာပေါ် တွင် တစ်ခုတည်းသော အကြွေးစံနစ်ကို ဖန်တီးရန် ကမ္ဘာသူကမ္ဘာ သားများက ၎င်းအား ဦးညွှတ် ကိုးကွယ်ရန် အတင်းအကြပ် စေခိုင်းလိမ့်မည်။

## *၆၆၆ ကိုဂရုစိုက်ပါ။*

ထို့ကြောင့် သားရဲကြီး၏ ရုပ်သွင် သဏ္ဌာန်ကို လောကသားတို့ လက်ခံနေကြခြင်းမှာ စီးပွားရေး အခက်အခဲ အခြေအနေ ဆုံးဖြတ် ချက်များ သက်သက် ကြောင့် မဟုတ်ပါ။ လူ့ဘောင် အသိုင်းအဝန်း ကောင်းစားရေးအတွက် နည်းပညာဆိုင်ရာဖြင့် အခက်အခဲအကျပ် အတည်းထဲမှ ထွက်ပေါက် ရှာပေးနေသူကဲ့သို့ ဟန်ဆောင်နေ သော မာရ်နတ်မင်းအား လိုလားစွာ လက်ခံလိုက်ခြင်းသည် ဝိဥာဉ် ရေးဆိုင်ရာ အခြေခံ အကျဆုံး၊ ဆုံးဖြတ်ချက်ဖြင့် နတ်ဆိုးကြီး ပူးနေသော ခရစ်တော် ဆန့်ကျင်သူအား ကိုးကွယ်ခြင်းသာ ဖြစ်ပေ သည်။

ထို့ကြောင့်ပင် သမ္မာကျမ်းစာက အောက်ပါ အတိုင်းသတိပေး နေပါသည်။ "ထိုမှ တပါး တတိယ ကောင်းကင် တမာန်က၊ အကြင်သူသည် သားရဲနှင့် သူ၏ ရုပ်တုကို ကိုးကွယ်၍၊ သူ၏ တံဆိပ်လက်မှတ်ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ ခံသည်ဖြစ်စေ – ထိုသူသည် ဘုရားသခင်၏ ဒေါသ ဖလား၌ လောင်းသော အမျက်တော် စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်။ သန့်ရှင်းသော ကောင်းကင် တမာန်တို့ရှေ့၊ သိုးသူငယ်ရှေ့တွင် ကန့်ရောသော မီးထဲမှာ ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရလိမ့်မည်။ ထိုညှဉ်းဆဲ ခြင်း၏ မီးခိုးသည် ကမ္ဘာအဆက်ဆက် တည်လျက်ရှိနေ၏။ သားရဲနှင့် သူ၏ ရုပ်တုကို ကိုးကွယ်၍ သူ၏ နာမ တံဆိပ်လက်မှတ် ကို ခံသော သူတို့သည် နေ့ညဉ့်မပြတ် သက်သာ မရကြ ဟုလိုက်၍ ကြီးသောအသံနှင့် ဆို၏။ (ဗျာဒိတ်၊ ၁၄း၉–၁၁) ထို့ကြောင့် သင်သည် ကမ္ဘာ့အစိုးရတစ်ဖွဲ့ ပေါ်ပေါက်လာပြီး ယင်း၏ ခေါင်းဆောင်က သင့်ကို ၎င်း၏ သစ္စာတော်ခံဖြစ်ရန်နှင့် သူ့အား ဝပ်တွား ရှိခိုးရန် တောင်းဆို လာပါက မလိုက်လျောလေ နှင့်၊ စီးပွားရေး မက်လုံးများ ပေးခြင်းနှင့် သူ၏ တံဆိပ်နှင့် အမှတ် အသားများအား လက်ခံရန် ငြင်းဆန်ခြင်းအတွက် သင့်အား ဒဏ်ခတ်မည်ဟု ခြိမ်းခြောက်ခြင်းများ ရှိစေကာမူ သင်သည် သင့်ကို ဖန်ဆင်းသော ဘုရား၊ စစ်မှန်သော ဘုရားနှင့် သင့်ကိုချစ်ပြီး ဂရုစိုက်သော ဘုရားအား ယုံကြည်ပါက၊ အနာဂတ်ကာလတွင် သင့်အား ပို့ဆောင်လမ်းပြမည့် ဘုရားကို ယုံကြည်ကိုးကွယ်ပါက၊ သင့်အနာဂတ် ဖြောင့်ဖြူးသာယာမည်မှာ ဧကန်အမှန်ပင် ဖြစ်ပေသည်။

# ဒုတိယ အကြိမ် ကြွရောက်လာခြင်း

"ထိုကာလ၏ ဒုက္ခဆင်းရဲခြင်းနောက် ရုတ်ခနဲနေသည် မိုက်လိမ့်မည်။ လသည် အရောင်ကိုမပေး၊ ကြယ်တို့သည် ကောင်းကင်မှ ကျလိမ့်မည်၊ ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်။ ထိုအခါ လူသား၏ နိမိတ်လက္ခဏာသည် ကောင်းကင်၌ ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍ လူသားတို့သည် ကြီးစွာသော ဘုန်းတန်ခိုး အာနုဘော်ကို ဆောင်လျက်၊ မိုးတိမ်ကိုစီး၍ကြွ လာတော် မူသည်ကို မြင်ရကြလိမ့်မည်။ လူသားသည် မိမိတမန် တို့ကို စေလွှတ်၍ တံပိုးရောကို ပြင်းစွာမှုတ် စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော် မူသောသူတို့ကို အရပ်လေးမျက်နှာ ကောင်းကင်အောက်ထက် ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့။ (မဿဲ ၂၄း၂၉–၃၁)

ဤကျမ်းချက်တွင်ယေရှုကကမ္ဘာလောကကြီး၏အဆိုးဝါးဆုံးဒုက္ခဆင်းရဲခြင်းနှင့် ကြောက်မက်ဖွယ်ကာလသည်ရုတ်ခနဲချုပ်ငြိမ်းအဆုံးသတ်ပြီးအတောက်ပဆုံးနေ့တစ်နေ့၏အရုဏ်ဦးအချိန်သို့ရောက်ရှိလာပေမည်။ ယေရှုခရစ်တော်ကိုယ်တိုင်မိမိ၏လူများအားမိမိနှင့်အတူတကွရှိစေခြင်းငှါပြန်လည်၍ ခေါ်ဆောင်သွားမည်ဖြစ်ပေသည်။

ဗျာဒိတ်ကျမ်းကခရစ်တော်ပြန်လည်မကြွရောက်မီကလေး မှာဘုရားသခင်သည် ရောဂါကပ်များ စေလွှတ်ပေးမည်။ ထို့အပြင်မိမိ၏ အမှတ်တံဆိပ်ကို လက်ခံရယူရန်ငြင်းဆန်သူ များအားမိမိတို့၏ အယုတ်မာဆုံးနည်းဖြင့်ရှင်းလင်းသုတ်သင် နေစဉ်ထိုသူတို့အပေါ်၌လည်း တရားစီရင်မှုများပြုလုပ်ပေးမည်။ သမ္မာကျမ်းစာအနေဖြင့် ဤဒုက္ခဆင်းရဲခြင်း ရောက်သောကာ လမည်မျှ ကြာရှည်မည်ကို အတိအကျ ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြချက်မှာ ၃½နှစ် သို့မဟုတ် (၄၂)လ သို့မဟုတ် (၁၂၆၀)ရက်ဖြစ်ပါသည်။ (ဒံယေလ ၇း၂၅၊၁၂း၇၊ ဗျာဒိတ် ၁၃း၅၊ ၁၂း၆ကိုကြည့်။)

ထို့ကြောင့် ပေါ်ပေါက်လာမည့် ကမ္ဘာ့ခေါင်းဆောင်ကြီးသည် မိမိလက်မှတ် ရေးထိုးထားခဲ့သော ငြိမ်းချမ်းရေး ပဋိဉာဉ်စာ ချုပ်အား ဖောက်ဖျက်ပြီး မိမိ၏ ရုပ်တုကို ထုကာ တစ်ကမ္ဘာလုံးအား ရှိခိုးရန် တောင်းဆိုသော နေ့ ရှိလာပါလိမ့်မည်။ ထိုနေ့မှ စ၍ ယေရှု ပြန်လည် ကြွရောက်လာမည့် အချိန်ကာလ အတိအကျကို တွက်ချက်နိုင်မည် ဖြစ်ပေသည်။

*သားရဲကြီး နေရာစ်ခဲ့ပေတော့*
*ကောင်းကင်ဘုံ ကျွန်ုပ်လာပါပြီ*

ယေရှု ဒုတိယ အကြိမ်ပြန်လည်ကြွရောက်လာသော ရှေ့ပြေး နိမိတ်အဖြစ် ကြောက်ရွံ့ဖွယ်မြင်ကွင်းနှင့် အသံများကို ထိပ်လန့် စွာဖြင့် ကမ္ဘာသားတို့သည်ကြားရမြင်ရကြလိမ့်မည်၊ အကြီးကျယ် ဆုံးသော နိမိတ်လက္ခဏာများကို ထုတ်ဖော်ပြသပြီးသောအခါ ယေရှုကိုယ်တော်တိုင်တိမ်တိုက်ထဲမှ ထွက်ပေါ်လာသည်ကို တွေ့ မြင်ရပေမည်။ ထိုမြင်ကွင်းတွင် ယေရှုသည် ဘုရားသခင်၏ကြီး မားသော တန်ခိုးသတ္တိကို ကမ္ဘာအနှံ့ အံ့ဖွယ်သူရဲအဖြစ်မျိုးကို ထွန်းလင်း တောက်ပစေလိမ့်မည်။ ထိုအချိန်၌ ခရစ်တော်အားငြင်း ဆန်ပစ်ပယ်ပြီး သားရဲကြီးကို ကိုးကွယ်ခဲ့ သူများသည် မိမိတို့ အလွန်မှားယွင်းခဲ့ကြောင်းကို ချက်ချင်း သဘောပေါက်ကြပေမည်။ သမ္မာကျမ်းစာ ဖော်ပြချက်တွင် အောက်ပါအတိုင်း ကွက်ကွက် ကွင်းကွင်း ရှင်းလင်းနေပါသည်။

"ကြည့်ရှုလော့၊ မိုးတိမ်နှင့်တကွကြွလာတော်မူသည် ဖြစ်၍ ကိုယ်တော်ကို ထိုးဖောက်သောသူတို့နှင့် ရှိသမျှသောသူ တို့သည် ကိုယ်တော်ကို ရှုမြင်ကြရလိမ့်မည်။ မြေကြီးသား အမျိုးမျိုး ရှိသမျှတို့သည် ကိုယ်တော်ကြောင့် ငိုကြွေးမြည်တမ်းကြရ လိမ့်မည်။" (ဗျာဒိတ် ၁း၇)

ယေရှုခရစ်တော်အား သိရှိ လက်ခံကာ ချစ်မြတ်နိုးကြသော ကျွန်ုပ်တို့မူကား ခရစ်တော်၏ တစ်ဖန်ပြန်လည်ကြွရောက်လာ ခြင်းသည် ကျွန်ုပ်တို့အတွက် ပိုမိုကြီးမားသော ရွှင်လန်းဝမ်းမြောက်ခြင်း နှင့်တကွ ကျွန်ုပ်တို့ ခံစားသိရှိခဲ့ရခြင်းထက် ပိုမိုသော ကယ်တင်ခြင်းနှင့် လွတ်လပ်ခြင်းများကို သိရှိ ခံစားကြရပေမည်။ နှစ်ကာလ အဆက်ဆက်က ကွယ်လွန် သေဆုံးခဲ့ကြသော ဘုရားသခင် ၏ သားသမီးများသည် သဘာဝထက် လွန်ကဲသော ထူးဆန်းသည့် ခန္ဓာကိုယ်များဖြင့် အံ့သြဖွယ်ရာ မိမိတို့၏ သင်္ချိုင်းဂူများမှ ပြန် လည်ရှင်သန်လာပြီး ကောင်းကင် တိမ်တိုက်အတွင်းရှိ ခရစ်တော် ထံသို့ ခုန်ထသွားကြပေမည်။ လောက၌ အသက်မသေသေးဘဲ အသက်ရှင်ဆဲ ကျွန်ုပ်တို့မှာကား ခန္ဓာကိုယ်အသစ်နှင့် အသွင် သဏ္ဌာန်အသစ်များသို့ ချက်ချင်း ပြောင်းလဲသွားကာ ခရစ်တော် ရှိရာတိမ်တိုက်ထံသို့ ပျံတက်သွားပေမည်။ ယေရှုသည် မိမိအား ယုံကြည်သူများကို ခရစ်တော် ဆန့်ကျင်သော နိပ်စက်သော သူများ ၏ လက်ထဲမှ ဆွဲထုတ်ကာ မဖြစ်ပေါ် မရှိခဲ့ဖူးသော အကြီးကျယ် ဆုံး ပျော်ရွှင်ဖွယ် အကောင်းဆုံး အောင်ပွဲ အခမ်းအနားသို့ ဖြန်းကနဲ ဆွဲခေါ်သွားပေမည်။ ထိုအဖြစ်အပျက်သည်ကား ကောင်းကင်ဘုံ ၌ "သိုးသူငယ်၏ မင်္ဂလာဆောင်ပွဲ" ဟု သိရှိကြပေသည်။ (ဗျာဒိတ် ၁၄း၁၄–၁၆၊ ၁၉း၆–၉ ကြည့်)

ဤအတောတွင်း၌ ကြောက်မက်ဖွယ် ကောင်းသော ဘုရားသခင်၏ ဒေါသအဟုန်သည် သားရဲကြီး၏ အဖွဲ့သားများပေါ်သို့ ကျရောက်ခါထ ိုသူများအတွက် အလွန်ဆိုးဝါးလှသော အချိန်အခါ ဖြစ်ပေမည်။ သမ္မာကျမ်းစာက "ထိုနေ့ရက်ကာလ၌ လူတို့သည် သေခြင်းကို ရှာကြလိမ့်မည်၊ ရှာသော်လည်း မတွေ့ရကြ၊ အလွန်သေချင်သော်လည်း သေမင်းသည် သူတို့ထံမှ ပြေးသွားလိမ့်မည်။" (ဗျာဒိတ် ၉း၆)

# အနာဂတ်ကို ရင်ဆိုင်ရဲသည့် ယုံကြည်မှု

ယုတ်စွ အဆုံး ပြောရမည်ဆိုပါက ကျွန်ုပ်တို့သည် စိတ်လှုပ်ရှားဖွယ် ကောင်းသော အချိန်ကာလမျိုး၌ အသက်ရှင် နေရ ပြီး ရုတ်တရက် ပြောင်းလဲမှုကြီးများကို အချိန်မရွေး ရင်ဆိုင်တွေ့ ကြုံရပေတော့မည်။

နှစ်ထောင် ပေါင်းများစွာ က ဗျာဒိတ်နိမိတ် များသည် ယနေ့ ကမ္ဘာအခြေအနေများနှင့် ညီနေသော ဟောပြောပြသချက် များပင် ဖြစ်ကြောင်းကို လက်တွေ့ သိမြင်လာကြရသဖြင့် ကျွန်ုပ်တို့၏ ယုံကြည်မှုကို နည်းလမ်းများစွာဖြင့် အားပေးလျက် ရှိနေကြောင်းကို ကျွန်ုပ်တို့ သဘောပေါက် နားလည်သင့်ပါသည်။ ပထမအချက်မှာ ဘုရားသခင်သည် အနာဂတ်ဖြစ်ရပ်များကို ကြိုတင် သိမြင်နိုင်သော တန်ခိုးရှိကြောင်းကို စိတ်ချစွာ ယုံကြည်သင့်ပြီး အနာဂတ်ကာလတွင် ကျွန်ုပ်တို့ မည်သို့ တွေ့ကြုံရင် ဆိုင်ရမည်ကို ကျွန်ုပ်တို့အား ကြိုတင်ပြောပြ ထားခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့အား ဂရုစိုက်သောကြောင့်ပင် ဖြစ်ပါသည်။ ယေရှုမိန့်မှာခဲ့သည့် အောက်ပါ ကျမ်းချက်ကိုကြည့်ပါ။ "ထိုအမှုအရာ ရောက်သောအခါ သင်တို့သည် ယုံကြည်စေခြင်း ငှါ မရောက်မီ ယခုပင် သင်တို့အား ငါပြောနှင့်ပြီ။" (ယောဟန် ၁၄း၂၉)

ထိုနည်းတူပင်သင်သည် လက်ရှိ ကမ္ဘာအခြေအနေများသည် ကြိုတင် ဟောပြောချက်များအတိုင်း တိကျစွာ ဖြစ်ပေါ်လျက် ရှိနေကြောင်းကို သင်သည် သဘောပေါက်မိပါက သမ္မာကျမ်းစာ ပါဗျာဒိတ်နိမိတ်များသည်လည်း မှန်ကန်စွာ ကျရောက်လာမည်ကို သတိပြုသင့်ပါသည်။ အစိုးရတစ်ခုတည်းရှိသော ကမ္ဘာကြီးကို အုပ်ချုပ်သော လူမဆန် ကြမ်းကြုတ်သည့် ခေါင်းဆောင်သည် အကြွေးဝယ်ယူသော စံနစ်ကို အတင်းအကြပ် ကျင့်သုံးစေမည်။ ခရစ်တော်ဆန့်ကျင်သူ "အန္တိခရစ်" နှင့် အတူတူ ပူးပေါင်း ဆောင်ရွက်ရန် ငြင်းဆန်သူများအား ထိုသားရဲကြီးများက နိပ်စက် ညှဉ်းပန်းမည်။ သို့သော် ဘုရားသခင်သည် ထိုသားရဲကြီး၏ ညှဉ်းပန်းနိပ် စက်နေခြင်းကို ဝင်ရောက်တားဆီး ဖျောက်ဖျက် ပေးလိမ့်မည်။ ထိုအချိန်သည်ကား မိမိ၏လူများအား ယေရှုခရစ် ပြန်လည်ကယ် ဆယ်ရန် လောကသို့ ကြွရောက်လာမှာဖြစ်ပြီး မကောင်းမှု အင်အားစု အားလုံးကို ဖျက်ဆီး အနိုင်ယူကာ ဤကမ္ဘာလောက၌ ချစ်ခြင်းမေတ္တာ လွှမ်းမိုးသော ဘုရားသခင်၏ ထာဝရ နိုင်ငံတော်ကို တည်ထောင်ပေးလိမ့်မည်။

*စိုးရိမ်စရာ လုံးဝမရှိပါ။*

နိဂုံးကာလ၏ကြောက်မက်ဖွယ်ရာ နောက်ဆုံးနေ့များ၏ အဖြစ်အပျက်များ သင့်ရှေ့မှောက်သို့ ရောက်ရှိလာသောအခါ စိုးရိမ်ခြင်း၊ စိတ်ဒွိဟဖြစ်ခြင်း၊ ရှုပ်ထွေးနေခြင်းနှင့် ဘာဖြစ်လာမည်နည်းဟူ၍ တွေးတော်ပူပန်နေခြင်း မရှိပါနှင့်။ ယေရှုက နောက်ဆုံးနေ့ရက်များတွင် ဖြစ်ပေါ်မည့် အခြေအနေနှင့် ပတ်သက်၍ သတိပေးပြောကြားရာ၌ "မြေကြီးပေါ်မှာ ဖြစ်လတ္တံ့သော ဘေးများကိုမျှော်၍ ကြောက်လန့်သဖြင့် လူများတို့၏ အသက်ဆုံးရှုံးခြင်း အမှုအရာတို့သည် ဖြစ်ကြလိမ့်မည်။ ၎င်းအပြင် ယေရှုက မိမိအား သိရှိလက်ခံပြီး ချစ်သောသူများသည် ဤဒုက္ခဆင်းရဲခြင်း ကပ်ဘေးများကို မလွဲဧကန် စစ်မှန် သေချာစွာ ရင်ဆိုင်နိုင်ပြီး အောင်မြင်မှုဖြင့် အနိုင်ယူပေလိမ့်မည်" ဟု မိန့်မှာခဲ့ပါသည်။

ယေရှုက ရှင်းလင်းပြတ်သားစွာပင် နောက်ဆုံးကာလများ၏ အတိတ်နိမိတ်များ ရောက်ရှိလာသောအခါ ခရစ်တော်အား ယုံကြည်သူများကို ကယ်ဆယ်ရန်အတွက် ပြန်လည်ရောက်ရှိလာချိန်လည်း နီးကပ်လာကြောင်း သိရှိရပေမည်။ "ထိုအမှုအရာ တို့သည် ဖြစ်စရှိသောအခါ သင်တို့ကို ရွေးနှုတ်သော အချိန် ကာလ ရောက်လုနီးသည်ကို ထောက်သဖြင့် မြော်ကြည့်၍ခေါင်းကို ကြွကြပေလော့" ဟုမိန့်တော်မူ၏။(ရှင်လုကာ ၂၁း၂၈)

ဖြစ်ပျက် နေသမျှကို ကျွန်ုပ်တို့ နစ်သက်နိုင်ကြမည် မဟုတ်ပါ။ အချို့ အကြောင်းအရာများမှာလည်း အတော်ပင် ဆိုးရွားနေပါသည်။ သို့သော် ကောင်းမွန်သော နိဂုံးဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည် သိရှိကြပါသည်။ ဘုရားသခင်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော် တို့ကို သင်ယုံကြည်သည့်အပြင် ဘုရားနှင့် သင်သည် အစဉ်နီးကပ်စွာ အသက်ရှင် နေထိုင်မည် ဆိုပါက စစ်နှင့် လူပ်ရှားထူပူနေခြင်း၊ ရှုပ်ထွေးခြင်း၊ တွေဝေခြင်းများနှင့် ကစဉ့်ကလျားဖြစ်နေမှုများ အားလုံးသည် သင်၏ပြင်ပ ပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေစေကာ မူသင်၏ စိတ်နှင့် ခန္ဓာအတွင်းပိုင်း၌ နှလုံးသားမှာမူ ငြိမ်သက် လျက်ရှိနေပေမည်။ အထူးသဖြင့် ငြိမ်သက်ခြင်း သခင်ယေရှု ခရစ်တည်းဟူသော သခင်ကို သင့်စိတ်နှလုံးထဲ၌ လက်ခံထားပါ။ သင်သည် ငြိမ်သက်ခြင်း အပြည့်အဝ ရရှိနေပါမည်။

## အနာဂတ်အတွက် အကောင်းဆုံး ပြင်ဆင်မှု

သင်သည် သင့် အနာဂတ်အတွက် ကြိုတင်၍ ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ထာဝရအသက်ရရှိနိုင်ရေး အတွက်လည်း သင်ကြိုတင်ပြင်ဆင် ဆောင်ရွက် ထားနိုင်ပါသည်။ ထိုသို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် အတွက်လည်း သင်သခင်ယေရှုကို သင်၏ကယ်တင်ရှင်အဖြစ် လက်ခံခြင်းဖြင့် ပြင်ဆင် ဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။ ယေရှုသည် သင်နှင့်အတူရှိပြီး သင့်အား အန္တရာယ်ကြုံတွေ့သည့်အခါတိုင်း စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

သမ္မာကျမ်းစာက ပြောကြားသည်မှာ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏"။(၁ယောဟန် ၄း၈) ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ၏ဝိညဉ်တော် ကိုယ်တိုင်ဖြစ်၏။ ဘုရားသခင်သည် သင့်ကို ချစ်မြတ်နိုး၍ မိမိသည် သင့်အား ချစ်ကြောင်းကို သိရှိစေရန်နှင့် မိမိ၏ ချစ်ခြင်းမေတ္တာ၌ ပျော်မွေ့နေစေရန် လိုလားလျက် ရှိပါသည်။ သို့သော် ဘုရားသခင်သည် အလွန်ကြီးမား မြင့်မြတ်ပြီး သင်နှင့် ကျွန်ုပ်တို့အတွက် ဉာဏ်မမီနိုင်သော၊ မသိ နားမလည်နိုင်သော အဆင့်၌ ရှိပေသည်။ ထို့ကြောင့်လည်း ဘုရားသခင်သည် သူ၏ သားတော် ယေရှုအား ဤကမ္ဘာလောကသို့ စေလွှတ်ပြီး ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်မျှ ချစ်မြတ်နိုး ကြောင်း၊ မိမိသည် မည်သို့ ရှိနေသည်၊ မည်သို့သော ဘုရားဖြစ်ကြောင်းတို့ကို သိရှိစေရန်အတွက် ခရစ်တော်အား ကျွန်ုပ်တို့ကို ကူညီသွန်သင်ပြသရန် စေလွှတ်လိုက်ခြင်း ဖြစ်ပါသည်။

"ဘုရားသခင်၏ သားတော်ကို ယုံကြည်သူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက် ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၏ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (ယောဟန် ၃း၁၆)

ဘုရားသခင်သည် သင်၏ နေရာတွင် ယေရှုအား အသက်သေစေခြင်းငှါ စေခိုင်းသည်အထိ သင့်အားချစ်တော်မူ၏။ ၎င်း အပြင် ဘုရားသခင်သည် သင်၏ မှားယွင်းခဲ့သော အပြစ်များအတွက် အပြစ်ဒဏ်ကို သင့်ကိုယ်စား ယေရှုအား ခံယူစေလိုက်ပါသည်။ ထိုသို့ပြုလုပ်ခြင်းမှာ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရရှိခံစားစေရန်နှင့် အဖိုးအခမရှိသော ထာဝရ ကောင်းကင်ဘုံအသက်ကို သင်ရရှိစေရန်အတွက် ဖြစ်ပါသည်။

သင်သည် ခရစ်တော်ကို မသိသေးပါက ယခုပင် သင်သည် ခရစ်တော်ကိုလက်ခံပြီး ထူးဆန်းအံ့သြဖွယ်ရာများကိုသူ့ထံမှ ရယူရန်ဖြစ်ပါသည်။ အကယ်၍ သင်သည်ခရစ်တော်နှင့် ပတ်သက်၍ မေးမြန်း စစ်ဆေးရန် များရှိနေသည်ဖြစ်စေ၊ သံသယရှိ နေသည်ဖြစ်စေ ခရစ်တော်အနေဖြင့်မူကား သင့်အား သိရှိနားလည် နေပြီး သင်သာသူ့ထံသို့ လျှောက်ခဲ့ပါမူ သင့်တစ်သက်တာအား ခရစ်တော်သည် စစ်မှန်သော ဘဝတစ်ခုအဖြစ် တည်ဆောက်ပေး သွားလိမ့်မည်။ ခရစ်တော်က "ငါသည် တံခါးရှေ့မှာ ရပ်၍ခေါက် လျက်ရှိနေ၏။ အကြင်သူသည် ငါ၏ အသံကိုကြား၍ တံခါးကို ဖွင့်အံ၊ ထိုသို့ရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက် ရလိမ့်မည်"ဟုမိန့်ကြား ခဲ့ပါ၏။ (ဗျာဒိတ် ၃း၂၀)

ခရစ်တော်သည် သင်၏ နှလုံးသား တံခါးခေါက်လာသံကို သင်နားစွင့်၍ သင်တံခါးကို ဖွင့်လှစ်ပေးမည်လော?ခရစ်တော် သည် သင့်အား စောင့်ငံလျက် ရှိနေပေသည်။ အောက်ပါ ဆုတောင်းချက် ကလေးကိုသာ ရိုးသားပွင့်လင်းစွာ ဆုတောင်းပါလေ– "ခရစ်တော်ဘုရား၊ ကျွန်ုပ်၏ စိတ်နှလုံးအတွင်းသို့ ကြွရောက် ကိန်းဝပ်ပါရန် ကျွန်ုပ် တောင်းလျှောက်ပါသည်။ ကျွန်ုပ်ပြုခဲ့မိသော အပြစ် ဒုစရိုက် အားလုံးအတွက် ကျွန်ုပ်အား သနားသဖြင့် ခွင့်လွှတ်တော်မူပါ။ ထို့ပြင် ကိုယ်တော်ရှင်၏ ထာဝရ အသက်ကျေးဇူးကိုလည်း ကျွန်ုပ်အား ပေးသနားတော်မူပါ။ ကိုယ်တော်အား ချစ်ရန် ကျွန်ုပ်အား ခွန်အားပေး မစသနားတော်မူပါ။ ထိုနည်းတူ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် မှန်ကန်မှု တရားအား အခြားသော သူများနှင့် ကျွန်ုပ်ဝေငှနိုင်ရန် ခွန်အားပေး၊ မစနိုင်ပါမည့်အကြောင်း ရှိသေ လေးမြတ်စွာ ဆုတောင်း အသနား ခံအပ်ပါသည်။ ကယ်တင်ရှင်ဘုရား။ အာမင်!"

ယေရှုက "သူခိုးသည်ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်း ငှာသာလာတတ်၏။ ငါမူကား သိုးတို့သည် အသက်လွတ်ယုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံခြင်းငှာ လာသတည်း" (ယောဟန် ၁၀း၁၀) မိန့်ကြားတော်မူ၏။

ယေရှုကို ယုံကြည်လက်ခံခြင်းအားဖြင့် သာယာ ဖြောင့် ဖြူးသော သင်၏ အနာဂတ်အတွက် အာမခံချက် ရရှိရုံသာမက လက်ရှိ ဘဝအခြေအနေမှာလည်း ပြည့်စုံပျော်ရွှင် ချမ်းမြေ့နေသည်ကို သင်သိရှိခံစား နေရပါလိမ့်မည်။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတို့သည် သင်၏ ဘဝ၌ ရရှိခံစားရပြီး သင့်ဘဝတွင် အရာရာတိုင်း၌ ကောင်းချီး မင်္ဂလာဖြင့် ပြည့်စုံ ကြွယ်ဝနိုင်ပါစေ။